မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၄၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပ

မေးခွန်း (၇)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းတို့ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၅၃)ဦးတို့ တက်ရောက်ကြပြီး အစည်းအဝေး၌ မေးခွန်း (၇)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း (၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ပေးပို့မည့် သဝဏ်လွှာအား လွှတ်တော်သို့ အသိပေးတင်ပြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍ၌ အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး၏ **ကျေးရွာများမှ အမှီပြုနေသော ချောင်းများတွင် ရွှေသတ္တုကျောက်မျက်တူးဖော်မှုကြောင့် (၁၂)လရာသီပတ်လုံး ရေနောက်ကျိပျက်စီး၍ ကျေးရွာပြည်သူများ ဒုက္ခခံစားနေရသည့်အတွက် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် မိုးညှင်းရတနာနယ်မြေရှိ လေးတန်ချောင်းတစ်လျှောက်တွင် ကုမ္ပဏီ(၅)ခုကို ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ထုတ်ပေးထားပါကြောင်း၊ ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်နေမှုအပေါ် စစ်ဆေးကြပ်မတ် လုပ်ဆောင်လျက်ရှိပါကြောင်း။

ချောင်းဆုံနေရာ၏တောင်ဘက် ပေ(၁၅၀၀)အတွင်းရှိ လုပ်ကွက်များ ကျောက်စိမ်းတူးဖော်လုပ်ကိုင်သည်မှာ ကျောက်ကြောအား ဘက်ဟိုးဖြင့် တူးဖော်ပြီး ရရှိသည့်ကျောက်ကြောမြေစာများကို ရေပန်းထိုး၍ ရေမှုန်စုပ်စက်ဖြင့် မြောင်းစင်တင်ဆေးကြောရှာဖွေပြီး မြောင်းစင်မှထွက်ရှိသော ရေနောက်များကို တမံပြုလုပ် အနည်ထိုင်စေကာ ၎င်းရေများကို မုံကျင်းအတွက် ထပ်မံသုံးစွဲတူးဖော်မှု ပြုလုပ်ပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ◆

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

မေးခွန်း(၆)ခု ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း(၂)ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၁)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေ၏ စာအုပ်(၇၅)အုပ် လှူဒါန်းခြင်းအတွက် အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

မှတ်တမ်းတင်

တနင်္သာရီတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော် စာကြည့်တိုက်အတွက် အလှူငွေလှူဒါန်းခြင်းကို အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ် (၆)ဦးတို့က နယ်စပ်ရေးရာကဏ္ဍဆိုင်ရာမေးခွန်းများကို မေးမြန်းကြရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ပြန်လည်ဖြေကြားသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဌေးနိုင်၏ **"အိမ်မဲမြို့နယ် ညောင်ဝိုင်းကြီးကျေးရွာ၊ တံခွန်တိုင်ကျေးရွာနှင့် မြောင်းမြမြို့နယ်၊ ကန်ကြီးကျေးရွာ ဆက်သွယ်ရေးမြေသားလမ်းအား ကျောက်ချောလမ်းခင်းပေးရန်"** နှင့် **"အိမ်မဲမြို့နယ် မဲဇလီစာဖြူစုနှင့် မြောင်းမြမြို့နယ် ကန်ကြီး၊ ကျုံတုံး ကျေးလက်မြေသားလမ်းအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ အိမ်မဲမြို့နယ် ညောင်ဝိုင်းကြီးကျေးရွာ၊ တံခွန်တိုင်ကျေးရွာနှင့် မြောင်းမြမြို့နယ် ကန်ကြီးကျေးရွာ ဆက်သွယ်ရေးမြေသားလမ်းမှာ မြောင်းမြမြို့နယ်အတွင်း (၂)ဖာလုံနှင့် အိမ်မဲမြို့နယ်အတွင်း (၅)မိုင် (၅)ဖာလုံရှိပြီး အကျယ် (၁၀)ပေ၊ (၈)လက်မထု

စာမျက်နှာ ၈ ကော်လံ ၁ ❐

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်)

ကျက်ပါ၊ မှတ်ပါ၊ ထိုထိုစာ

သင်ယူလေ့လာခြင်းသည် တိုးတက်ပြောင်းလဲခြင်းအတွက် များစွာအထောက်အကူပြုပေသည်။ ထိုသို့ တိုးတက်ပြောင်းလဲမှုရှိစေရန် အမြဲတစေလေ့လာသင်ယူနေရန် လိုအပ်သည်။ လေ့လာသင်ယူခြင်းသာမက လေ့လာထားသည်များ မှတ်မိရန်လည်း လိုသေးသည်။ မကြာမီ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် တစ်နှစ်ပတ်လုံး ကျက်မှတ်ထားသည်များကို မှတ်မိစေရန် အထူးလိုအပ်ပေသည်။

ကျက်မှတ်ထားသော စာများသည် ကြာလျှင်မေ့လျော့တတ်သည့် သဘောရှိ၏။ လူတို့အနေဖြင့် တစ်စုံတစ်ခုကို လေ့လာရာတွင်လည်းကောင်း၊ တွေ့ကြုံရာတွင်လည်းကောင်း၊ ကျက်မှတ်ရာတွင်လည်းကောင်း ဦးနှောက်၏မှတ်ဉာဏ်တွင် မှတ်ကြောင်းများ ထင်ကျန်ရစ်ခဲ့သည်ဟု စိတ်ပညာရှင်များက ယုံကြည်ယူဆကြသည်။

အဆိုပါ မှတ်ကြောင်းများကြောင့် လူတို့သည် ဖတ်မှတ်ထားသည်များ ပြန်လည်တွေးခေါ်သည့်အခါ မှတ်မိကြခြင်းပင်ဖြစ်၏။ ထိုမှတ်ကြောင်းများကို ဦးနှောက်ကြောင်းများ သို့မဟုတ် မှတ်ဉာဏ်များဟု ခေါ်ဆိုကြ၏။ ထိုမှတ်ကြောင်းများသည် မကြာခဏအသုံးမပြုပါက တဖြည်းဖြည်း မှေးမှိန်သွားတတ်သည်။

ထို့ကြောင့် လေ့ကျင့်ကျက်မှတ်ထားသောစာများကို ပြန်လည်ဖတ်ရှုလေ့ကျင့်ခြင်းမပြုပါက ပြန်လည်တွေးခေါ်သည့်အခါ မှတ်ဉာဏ်ထဲတွင် ပေါ်မလာဘဲ မေ့လျော့နေတတ်၏။ သို့သော် မှတ်ကြောင်းများသည် လုံးဝပျောက်ကွယ်သွားခြင်းမဟုတ်ဘဲ ပုန်းလျှိုးနေခြင်းဖြစ်၏။ ဤသည်ကို မေ့လျော့ခြင်းဟု စိတ်ပညာရှင်တို့က ဆိုသည်။

ကျောင်းသားတစ်ဦးသည် စာတစ်ပုဒ်ကို ကျက်မှတ်ခဲ့ပြီး တစ်ပတ်ကြာ ပြန်လည်ကျက်မှတ်သည့်အခါ မရတရဖြစ်တတ်၏။ ဤသည်မှာ မေ့လျော့ခြင်းသဘောပင်ဖြစ်သည်။ ထိုကျောင်းသားသည် စာကိုကျက်မှတ်စဉ်က စိတ်အာရုံစူးစိုက်မှုအားနည်းခြင်းနှင့် အမြဲတစေ စိတ်ဖြင့် ကျက်မှတ်နေတတ်သည့် အလေ့အထမရှိခြင်းကြောင့် မေ့လျော့သွားခြင်းဖြစ်၏။

ကျောင်းသားအများစုသည် စာကိုတစ်ပုဒ်ပြီးတစ်ပုဒ် ဆက်တိုက်ကျက်မှတ်တတ်ကြသည်။ ရပြီးစာများ ဆက်တိုက်ကျက်ခြင်းကား ကောင်း၏။ သို့သော် မရသေးသော စာများ အသစ်ကျက်မှတ်ရာတွင် ဆက်တိုက်ကျက်မှတ်ခြင်းကား မပြုသင့်ပေ။ ဦးနှောက်ကို အနားပေးရသည်။ သို့မှ ပိုပြီးမှတ်မိသည်။ စာအသစ်များကို ဆက်တိုက်ကျက်မှတ်ခြင်းကြောင့် စာများရောထွေးသွားတတ်သည်ကို သတိမူသင့်၏။

တစ်ဖန် စာကျက်သည့်အခါ အခြားသော ထွေရာလေးပါးအကြောင်းအရာများ မစဉ်းစားသင့်။ ခေါင်းကို ကြည်ကြည်လင်လင်ထားပြီး ကျက်မှတ်သင့်၏။ မိဘများအနေဖြင့် မိမိတို့၏ သားသမီးများ စာကျက်နေစဉ် စိတ်ဆင်းရဲဖွယ်ရာအကြောင်းအရာများ၊ စိတ်ခံစားမှုကျစေရာ အပြုအမူများ မပြုသင့်ပေ။ အထူးသဖြင့် သားသမီးများရှေ့တွင် လင်မယားရန်ဖြစ်ခြင်းကိစ္စများ ရှောင်ရှားသင့်သည်။ စိတ်ခံစားလန်းဆန်းတက်ကြွနေမှ စာကျက်ရာတွင် ထိရောက်မှုရှိ၏။ ပိုပြီး မှတ်မိလွယ်သည်။ မှတ်ဉာဏ်အားကို ပိုကောင်းစေသည်။

ကျောင်းသား ကျောင်းသူအများစုမှာ စာကျက်ရာတွင် စာတစ်ပုဒ်ကို တစ်ခေါက်မျှ အလွတ်ဆိုနိုင်လျှင် စာရပြီဟု ယူဆတတ်ကြ၏။ မနက်က ကျက်ထားသောစာများ ညနေပြန်ကျက်သည့်အခါ ထစ်ထစ်ငေါ့ငေါ့ အမှားမှားအယွင်းယွင်းဖြစ်တတ်ကြသည်ကို တွေ့ဖူးကြပေလိမ့်မည်။ ထိုသို့ဖြစ်ခြင်းမှာ ပထမကျက်စဉ်က ကျေကျေညက်ညက် ထပ်ခါထပ်ခါ မကျက်ခြင်းကြောင့် စာမကျေခြင်းပင်ဖြစ်၏။ ထို့ကြောင့် ကျက်မှတ်ပြီး အမှားမရှိ တစ်ခေါက် အလွတ်ပြန်ဆိုနိုင်သော်လည်း မမေ့ရန် အကြိမ်ကြိမ်ပြန်ကျက်သင့်၏။

မကြာမီတက္ကသိုလ်ဝင်စာမေးပွဲကြီး ဖြေဆိုကြရတော့မည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများသည် ရပြီးသောစာများ အကြိမ်ကြိမ်ပြန်ကျက်ခြင်း၊ မရသေးသောစာများ ဖတ်နည်းကျက်နည်းမှန်ကန်စွာ ကျက်နိုင်ကြစေရန်အတွက် ''ကျက်ပါ၊ မှတ်ပါ၊ ထိုထိုစာ''ဟု အကြံပြုတိုက်တွန်း အသိပေးလိုက်ရပါသည်။

ဖျာပုံမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲဆိုင်ရာ သင်တန်းဖွင့်

ဖျာပုံ ဖေဖော်ဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ရပ်ကွက်၊ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများ၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းအမှတ်စဉ် (၁/၂၀၁၂)နှင့် (၂/၂၀၁၂)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တွင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

သင်တန်းအမှတ်စဉ် (၁/၂၀၁၂)သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှငွေ၊ ဖျာပုံခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအုန်းဟန်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ငြိမ်းတို့က အမှာစကားပြောကြားပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ဝင်များအား ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)**

သင်တန်းအမှတ်စဉ်(၂/၂၀၁၂)တွင် ဧရာဝတီတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဖျာပုံခရိုင်တာဝန်ခံဦးသိန်းရွှေက ဖျာပုံခရိုင်အတွင်းကျင်းပမည့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁၀) ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးမှာကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာနိုင်ငံဆရာဝန်အသင်း(မော်လမြိုင်) ဒသမအကြိမ်ဆရာဝန်ညီလာခံကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံဆရာဝန်အသင်း(မော်လမြိုင်)၏ ဒသမအကြိမ် ဆရာဝန်ညီလာခံကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၈ နာရီတွင် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်နယ်ဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်နိုင်နှင့် မော်လမြိုင်မြို့ ဆရာဝန်အသင်းခွဲဥက္ကဋ္ဌ ဒေါက်တာအေးငြိမ်းတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဥက္ကဋ္ဌတို့က မြန်မာနိုင်ငံဆရာဝန်အသင်း(မော်လမြိုင်)ဒသမအကြိမ် ဆရာဝန်ညီလာခံ၌ ခင်းကျင်းပြသထားသည့် ဆေးအရောင်းပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များနှင့်အတူ ပြပွဲကိုလှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်လှိုင်-သစ်ပုတ်ကျေးရွာချောင်းကူးတံတားဖွင့်

လပွတ္တာ ဖေဖော်ဝါရီ ၂၁

လပွတ္တာခရိုင် ပြင်စလူမြို့နယ်ခွဲ ပြင်အလန်းကျေးရွာအုပ်စု အောင်လှိုင်ကျေးရွာတွင် ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီက အောင်လှိုင်-သစ်ပုတ်ကျေးရွာချင်းဆက် ဖွံ့ဖြိုးဝေဆာတံတားသစ်ဖွင့်ပွဲအခမ်းအနားကျင်းပရာ ပြင်စလူမြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး ဦးရဲအောင်၊ တံတားဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဆွေနှင့် မတည်ငွေအလှူရှင် အယ်ရှင်အေ့ဒ်မြန်မာတာဝန်ခံ ဦးထက်အောင်တို့က တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ပြင်စလူမြို့နယ်ခွဲအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ခံများက အယ်ရှင်အေ့ဒ်မြန်မာအဖွဲ့တာဝန်ခံနှင့် ဒေသခံအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။ အဆိုပါတံတားသည် အကျယ် ၆ ပေ၊ အရှည် ပေ ၁၂၀၊ အမြင့်ပေ ၂၀၊ သံကူကွန်ကရစ်တိုင်၊ သစ်သားခင်းတံတားဖြစ်ပြီး အယ်ရှင်အေ့ဒ်မြန်မာအဖွဲ့က မတည်ငွေကျပ် ၁၀ သိန်း၊ ဒေသခံပြည်သူများက ထည့်ဝင်ငွေကျပ် ၄၅ သိန်းဖြင့် တည်ဆောက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ထမနဲထိုးပြိုင်ပွဲကျင်းပ

ပုသိမ် ဖေဖော်ဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့ အောင်ဆုတောင်းပြည့်စေတီတော်မြတ်၏ ဆဋ္ဌမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတွင် ဘုရားဒါယကာ ဦးဇော်ဝင်း၊ ဘုရားဒါယိကာမ ဒေါ်စန်းစန်းအေး မိသားစုက ဖေဖော်ဝါရီ ၇ ရက်တွင် ကျေးရွာအုပ်စု ၁၅ အုပ်စုပါဝင်သည့် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပပြီး စတုဒိသာ ထမနဲလှူဒါန်းခြင်း၊ ဆုများပေးအပ်ခြင်း အလှူမင်္ဂလာများကို ကျင်းပခဲ့ကြောင်း သိရှိရသည်။

မင်းဇော်ဦး(ရေကြည်)

မှုခင်းကျဆင်းရေးပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က သာယာဝတီမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းနိုင်ဟောပြောစဉ်။ (ခရိုင် ပြန်/ဆက်)

တီဘီဝေဒနာရှင်များအား ပြုစုစောင့်ရှောက်မှု ဆင့်ပွားသင်တန်းဖွင့်ပွဲ ရမည်းသင်း၌ကျင်းပ

ရမည်းသင်း ဖေဖော်ဝါရီ ၂၁

ပြည်သူလူထုအခြေပြု တီဘီဝေဒနာရှင်များအား ပြုစုစောင့်ရှောက်မှု မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက ရမည်းသင်းမြို့ အမေထွေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ရမည်းသင်းခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းက အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်နီလာထွန်းက တီဘီဝေဒနာရှင်များအား ပြုစုစောင့်ရှောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက သင်တန်းရည်ရွယ်ချက်နှင့် စည်းမျဉ်းစည်းကမ်းအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ သင်တန်းသားသင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာဖြစ်ကြောင်း သိရှိရသည်။ **(၄၀၆)**

ပွင့်ဖြူမြို့၌ စီမံကိန်းသီးနှံတာဝန်ပေးအပ်

ပွင့်ဖြူ ဖေဖော်ဝါရီ ၂၁

ပွင့်ဖြူမြို့နယ်၌ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် နွေစပါး ၅၄၁၅၇ ဧကနှင့် နွေနှမ်း ဧက ၃၈၄၀ စိုက်ပျိုးရန်အတွက် စီမံကိန်းသီးနှံတာဝန်ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေက အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးအောင်ချစ်က နွေနှမ်းနှင့် နွေစပါးစိုက်ပျိုးရေးအတွက် ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ကျေးရွာအုပ်စုအလိုက် စီမံကိန်းသီးနှံ တာဝန်ပေးအပ်လွှာများကို လယ်ကိုင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသန်းကိုနှင့် အနောက်ကိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်လွင်တို့အား မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိဘများဖြစ်ကြသော ဦးစိန်မောင်-ဒေါ်မိမိမြင့်တို့အား ရည်စူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပါရမီရိပ်သာစည်ပင်သာယာလမ်း အမှတ်(၆)နေ ဦးသိန်းလှိုင်-ဒေါ်မာလာနွယ်မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးအာဟာရပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းကို ရိပ်သာရုံးအဖွဲ့မှူး ဦးမောင်မောင်ရီထံ ပေးအပ်လှူဒါန်းစဉ်။ (၀၀၉)

မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

တာချီလိတ် ဖေဖော်ဝါရီ ၂၁

မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှုသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပသည်။ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားပြီး မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကျော်နိုင်က စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေး စနစ်များအကြောင်း ပညာပေးဟောပြောကာ တက်ရောက်လာကြသူများက လက်တွေ့မီးငြိမ်းသတ်မှုကို လေ့ကျင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (၀၆၀)

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

◆ ရှေ့စာမှ

ရေနောက်များအနည်ကျစေမည့် တမံမှာကျိုးပေါက်ခြင်း၊ လျှံကျခြင်းဖြစ်နိုင်သော်လည်း မုံကျင်းနှင့် ရေစုကန်တွင် အနည်ထိုင်ပြီးဖြစ်သဖြင့် များစွာနောက်ကျိခြင်းမဖြစ်နိုင်ကြောင်းနှင့် ၄င်းလုပ်ကွက်များနှင့် လယ်မြေများမှာ လေးတန်ချောင်းအတိုင်း(၁၅) မိုင်ခန့်ကွာဝေးသဖြင့် လယ်မြေများတွင် ထိခိုက်ပျက်စီးမှု မရှိနိုင်သည်ကို မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရ တွေ့ရှိရပါကြောင်း။

လေးတန်ချောင်းနှင့်ချောင်းလက်တက်များအနီး ကျောက်စိမ်း တူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများကို တူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး၊ လုပ်ငန်းခွင်တွင် နုန်းစစ်ကန်များ စနစ်တကျပြုလုပ်၍ လေးတန်ချောင်းအတွင်းသို့ ရေကြည်များသာစီးဝင်စေရေး အလေးထားဆောင်ရွက်ရန် ရှင်းလင်းမှာကြားဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် လုပ်ကွက်များတွင် လုပ်ငန်းဆောင်ရွက်နေသည့် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ(၅)ခု၏ လုပ်ငန်းဆောင်ရွက်မှုကြောင့် ချောင်းရေညစ်ညမ်းမှုဖြစ်နေသည်ကို ဖော်ပြသတိပေးရန်၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်ရန်၊ လိုက်နာလုပ်ဆောင်မှုမရှိပါက လုပ်ငန်းလုပ်ကိုင်ခွင့် ပိတ်သိမ်းမည်ဖြစ်ကြောင်း အကြောင်းကြားရန်နှင့်ကွင်းဆင်းစစ်ဆေးရန် ညွှန်ကြားချက်ထုတ်ပြန်ထားခဲ့ပါကြောင်း၊ သို့သော်လည်း နယ်မြေဒေသအခြေအနေများကြောင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးနိုင်ခြင်းမရှိသေးပါကြောင်း၊ နယ်မြေဒေသအခြေအနေကောင်းမွန်သည်နှင့် ကွင်းဆင်းစစ်ဆေးကြပ်မတ်သွားမည်ဖြစ်ပါကြောင်း။

မိုးညှင်းမြို့နယ်အတွင်း ရွှေသတ္တုတူးဖော်ရေးလုပ်ကွက်(၄)ကွက်သာ ချထားပေးခဲ့ရာ လေးတန်ချောင်းနှင့် အနီးဆုံးလုပ်ကွက်သည် မိုင်(၂၀)ခန့်ကွာဝေးပြီး အဝေးဆုံးလုပ်ကွက်သည် မိုင်(၅၀)ခန့်ကွာဝေးပါကြောင်း၊ လေးတန်ချောင်းအတွင်း တစ်ဆယ့်နှစ်ရာသီရေများနောက်ကျိပြီး ရေအရည်အသွေးညံ့ဖျင်းမှုနှင့်ပတ်သက်၍ နယ်မြေဒေသလုံခြုံမှုအခြေအနေ တိုးတက်ကောင်းမွန်လာပါက စစ်ဆေးရေးအဖွဲ့စေလွှတ်ပြီး မြေပြင်ကွင်းဆင်းစစ်ဆေးစေ၍ လိုအပ်သည့်ကြပ်မတ်ဆောင်ရွက်မှုများ၊ ပြုပြင်လုပ်ဆောင်မှုများကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အလားတူ လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်း(၂)ခုနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပြန်လည်ဖြေကြားသည်။

ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း၏ **မုံရွာမြို့မှ ခန္တီးမြို့အထိ ဖောက်လုပ်ထားသော မဟာဗျူဟာလမ်းကြောင်းပေါ်ရှိ သက္ကယ်ကျင်းမှ ခါတွန်ကျေးရွာအကြား ကိုးတန်ချောင်းကူးတံတားမှာ နှစ်စဉ်ချောင်းရေတိုက်စားပြီး ပျက်စီးနေသဖြင့် အသစ်ပြန်လည်တည်ဆောက်လျက်ရှိရာ ငွေကြေးများစွာကုန်ကျမှုရှိနေပါကြောင်း၊ သို့ပါ၍ နိုင်ငံတော်က ကြိုးတံတားအဖြစ် တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကိုးတန်ချောင်းကူးတံတား အရှည်ပေ (၂၉၀)အား ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ယာယီတံတားအဖြစ် တည်ဆောက်ပေးခဲ့ပါကြောင်း၊ ၁၂-၉-၂၀၀၆ ရက်ညတွင် မိုးသည်းထန်စွာရွာပြီး တောင်ကျချောင်းရေ အမြင့်(၁၃)ပေအထိ စီးဆင်းမှုကြောင့် ရေတိုက်စားပျက်စီးခဲ့ရာ ရန်ပုံငွေရရှိမှုအခြေအနေအရ တံတားပြန်လည်တည်ဆောက်နိုင်ခြင်း မရှိဘဲ နှစ်စဉ်ပွင့်လင်းရာသီတွင် ယာယီရေနိမ့်တံတားထိုး၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

သက္ကယ်ကျင်း - ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းပေါ်ရှိ ကိုးတန်ချောင်းကူး တံတားအား အမြဲတမ်းတံတားအဖြစ် တည်ဆောက်ရန် ပဉ္စမနှစ်တို (၅)နှစ်စီမံကိန်း၌ ထည့်သွင်းရေးဆွဲထားပြီးဖြစ်ပါ၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး၏ **ထီးချိုင့်-ကျောင်းကုန်းလမ်းမကြီးပေါ်ရှိ ကွမ်းတုံ-ကျောက်အိုက်ရွာအနီး ကွမ်းဘောင်ချောင်းမကြီးအား ရေကျော်တံတားဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၏ ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုးလွှာတင်ခြင်း၊ ကတ္တရာလမ်းမျက်နှာပြင်ညှိ၍ ရေပိတ်လွှာခင်းခြင်း၊ လမ်းချောစေရန် ဂျင်းကျောက်(၃)လက်မထုခင်းခြင်း၊ လမ်းမြေသားတာပေါင်ပေ(၄၀) အကျယ်ချဲ့ခြင်း၊ လမ်းဘေးရေမြောင်းတူးခြင်း၊ ကွန်ကရစ်တံတားတည်ဆောက်ခြင်း၊ အုတ်စီမြေကာနံရံတည်ဆောက်ခြင်း၊ ရေပြွန်တိုးချဲ့ခြင်းနှင့် တံတားများပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ထီးချိုင့်-ကျောင်းကုန်းလမ်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပေါ်ရှိ ကွမ်းဘောင်ချောင်းမကြီးသည် မိုးရာသီတွင် ရေအမြဲစီးဆင်းလျက်ရှိပြီး မိုးများချိန်တွင် ရေစီးသန်သော ချောင်းဖြစ်ခြင်းကြောင့် ရေကျော်တံတားဆောက်လုပ်ခြင်းထက် တံတားဆောက်လုပ်မှသာ သင့်တော်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ ကွမ်းဘောင်ချောင်းတံတားအား အရှည်ပေ(၂၅၀)သံကူကွန်ကရစ်တံတားတည်ဆောက်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြထားပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ထို့အတူ လွှတ်တော်ကိုယ်စားလှယ်(၃)ဦး၏ ပို့ဆောင်ရေးကဏ္ဍဆိုင်ရာမေးခွန်း(၄)ခုနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က ပြန်လည်ဖြေကြားသည်။

ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **ပြည်မြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ရေတိုက်စား၍ မြစ်ကမ်းပြိုမှုကြောင့် လူနေအိမ်များ၊ စိုက်ခင်းများဆုံးရှုံးမှုဖြစ်ပေါ်နေသည်ကို ရေကြောင်းထိန်းသိမ်းရေးဦးစီးဌာနက ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့် **ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ လေယာဉ်ကွင်းတွင် ခရီးသည်တင်လေယာဉ်ငယ်များ ဆင်းသက်ပို့ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းများနှင့်စပ်လျဉ်း၍ **ပို့ဆောင်ရေးဝန်ကြီးဌာန၏အဓိကတာဝန်မှာ ရေကြောင်းနှင့် လေကြောင်း ပို့ဆောင်ရေးကဏ္ဍများကို တာဝန်ယူရခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ဘဏ္ဍာရေးရည်မှန်းချက်မှာလည်း ဝန်ကြီးဌာန၏ ဘဏ္ဍာငွေရှာဖွေရရှိမှုအပေါ်တွင်သာ ရပ်တည်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရေကြောင်းထိန်းသိမ်းရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်းရှိ မြစ်ကြောင်းအားလုံးနှင့်မြစ်ဝကျွန်းပေါ်ဒေသတွင် ဖြစ်ပေါ်နေသော ကမ်းပြိုမှုများအတွက် တာဝန်ယူရန်မှာ လွန်စွာခက်ခဲမှုရှိပါကြောင်း၊ မြစ်ရှာ မြစ်ရေတင်စီမံကိန်း ရေရရှိရေးအတွက် လိုအပ်သည့်အဆောက်အအုံ၊ လိုအပ်သည့်တိုင်းတာခြင်းများ ဆောင်ရွက်ရင်း ရေများပြီး မြစ်ကမ်းပါးပြိုရခြင်းဖြစ်ပါကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ အောက်ခြေအဆင့်ထိ ဆန်းစစ်လေ့လာကာ စီမံကိန်းအတွက် လိုအပ်သည့်ရေထက်မများအောင် နည်းပညာဖြင့် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ သို့သော်လည်း ဝန်ကြီးဌာနတွင် ဆောင်ရွက်ပေးနိုင်သည့် ရန်ပုံငွေမပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံရှိ မြစ်ကြောင်း**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် မေးမြန်းချက်များကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

များအားလုံး၏ ကမ်းပါးပြိုမှုအတွက် ဝန်ကြီးဌာနတွင် ရန်ပုံငွေမပါဝင်ပါကြောင်း၊ မြစ်ဝကျွန်းပေါ်တွင်လည်း ထိုနည်းတူပင် ဖြစ်ပါကြောင်း၊ မြစ်ကမ်းပါးပြိုမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးအာဏာပိုင်က တိုင်းဒေသကြီး/ပြည်နယ်အစိုးရသို့ တင်ပြပြီး ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတရုံးသို့တင်ပြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံး၏ လိုအပ်သည့် ဘတ်ဂျက်ကို သီးသန့်ချထားပေးပြီး ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၏ ဘတ်ဂျက်ဖြင့် ဆောင်ရွက်ခြင်းမဟုတ်ပါကြောင်း။

ဒုတိယမေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၌ လက်ရှိကျင့်သုံးနေသောစနစ်မှာ ဈေးကွက်စီးပွားရေးစနစ်ဖြစ်ပါကြောင်း၊ ပြည်လေယာဉ်ကွင်းသည် ယခင်က ဆင်းသက်အသုံးပြုခဲ့သည့် လေယာဉ်ကွင်းဖြစ်ပါကြောင်း၊ လက်ရှိအနေအထားအရ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထိန်းသိမ်းထားသော လေယာဉ်ကွင်းဖြစ်ပါကြောင်း၊ သို့သော်လည်း လက်ရှိတွင် စီးမည့်ခရီးသည်မရှိသည့်အတွက် ပြည်လေယာဉ်ကွင်းကို ပျံသန်းပြေးဆွဲခြင်းမရှိပါကြောင်း၊ အကယ်၍ ကိုယ်စားလှယ်များအနေဖြင့် နောင်တစ်ချိန်တွင် ဆင်းသက်စေလိုပါက အဆိုပါလေယာဉ်ကွင်းတွင် ကိုယ်စားလှယ်ခန့်အပ်၍ ခရီးသည်၏ တစ်ဝက်ဆင်းသက်နိုင်ရန် လုပ်ပေးနိုင်ပါက လေယာဉ်ဆင်းပေးရန် အသင့်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်၏ **မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည် လေယာဉ်ကွင်းကြီးကို မြို့တော်အင်္ဂါရပ်နှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် ပြည်ထောင်စုအစိုးရက မည်ကဲ့သို့ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ချမ်းမြသာစည်လေယာဉ်ကွင်းသည် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော လေယာဉ်ကွင်းဖြစ်ပါကြောင်း၊ မူလတည်ဆောက်စဉ်က အလျားပေ(၄၀၀၀)နှင့် အနံ(၇၅)ပေ ရှိပါကြောင်း၊ ယခုအချိန်တွင် အလျားပေ(၆၅၀၀)နှင့် အနံပေ(၁၀၀) ရှိပြီး (၇၅)တန်ရှိသည့် F-28 နှင့် အထက် လေယာဉ်ပျံများ ဆင်းသက်နိုင်သော လေယာဉ်ကွင်းဖြစ်ပါကြောင်း၊ ခေတ်မီတိုးတက်လာသည်နှင့်အမျှ နိုင်ငံတကာရှိ မြို့ကြီးများတွင် ကွင်းသစ်များရှာဖွေ၍ အသစ်ဖောက်လုပ်ခြင်းသည် နိုင်ငံတကာ၏ အစဉ်အလာ ဖြစ်ပါကြောင်း၊ မန္တလေးမြို့၌ နိုင်ငံတကာလေယာဉ်များ ဆင်းသက်နိုင်ရန်အတွက် တံတားဦးလေဆိပ်ကို တည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

မန္တလေး ချမ်းမြသာစည်လေဆိပ်ကို ၁၉၉၆ ခုနှစ်က ပေ(၆၅၀၀)အထိ တိုးချဲ့ပြီး ဆင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ တံတားဦးလေဆိပ်ကို ၂၀၀၀ ပြည့်နှစ် စက်တင်ဘာမှစတင်ဖွင့်လှစ်၍ ချမ်းမြသာစည်လေဆိပ်ကို ရပ်ဆိုင်းထားခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ဝေဟင်ပိုင်နက်ကို ဖြတ်ကျော်ပျံသန်းလျက်ရှိသော လေယာဉ်ပေါင်းနေ့စဉ်(၄၅၀) ရှိပြီး ချမ်းမြသာစည်လေဆိပ်သို့ သတင်းပို့ရသည့်လေယာဉ်အစင်းရေ(၂၀၀)ကျော် ရှိပါကြောင်း၊ တစ်ကမ္ဘာလုံး လေကြောင်းပို့ဆောင်ရေးလမ်းကြောင်းတွင် ချမ်းမြသာစည်လေဆိပ်သည် အလွန်အရေးကြီးသည့်နေရာတွင် ပါဝင်ပါကြောင်း၊ ကွန်ပျူတာအားလုံးတွင်လည်း လေယာဉ်ကွင်း၏ အကွာအဝေးပါရှိပြီးဖြစ်ပါကြောင်း၊ ၎င်းလေယာဉ်ကွင်းအား အသုံးချရန် လောလောဆယ်စီစဉ်ထားပြီး ဖြစ်ပါကြောင်း။

ချမ်းမြသာစည်လေယာဉ်ကွင်းကိုအသုံးပြု၍ အရပ်ဘက်လေယာဉ်မောင်းသင်ကျောင်းဖွင့်လှစ်၍ ပြည်တွင်း/ပြည်ပ လေကြောင်းလိုင်းများအတွက် အရည်အချင်းပြည့်မီသော လေယာဉ်မှူးများမွေးထုတ်ရေး၊ လေကြောင်းပညာရပ်ကို စိတ်ဝင်စားသူများနှင့် အပျော်တမ်းလေယာဉ်မောင်းနှင်လိုသူများအတွက် ပျံသန်းရေးကလပ် (Flying Club)များ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း၊ အရပ်ဘက်လေယာဉ်မောင်းသင်ကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် တပ်မတော်(လေ) လေယာဉ်မောင်းသင်ကျောင်းများတွင် ကျောင်းအုပ်ကြီးနှင့် လေယာဉ်မောင်းနည်းပြဆရာများအဖြစ် ဆောင်ရွက်ခဲ့သူများအား စုစည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ချမ်းမြသာစည် လေယာဉ်ကွင်းတွင် အရပ်ဘက်လေယာဉ်မောင်းသင်ကျောင်းနှင့် အပျော်တမ်းပျံသန်းရေးကလပ် (Flying Club)ဖွင့်လှစ်ပြီးပါက ထိုလေဆိပ်သည် အမောင်းသင်လေယာဉ်များ၊ အပျော်စီးလေယာဉ်များ လေယာဉ်မောင်းသင်ကျောင်းပျံသန်းရေးကလပ်များ၏ အဆောက်အအုံများဖြင့် စည်ကားလာမည်ဖြစ်ပြီး လေကြောင်းဆိုင်ရာလုပ်ငန်းများဖြင့် မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် လေကြောင်းပညာပေးနေရာတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ချမ်းမြသာစည်လေယာဉ်ကွင်းသည် ပေပေါင်း (၆၅၀၀)ရှိသည့်အတွက် တံတားဦးလေယာဉ်ကွင်း၏ အရေးပေါ်အရန်လေယာဉ်ကွင်းအဖြစ် အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ချမ်းမြသာစည်လေယာဉ်ကွင်းအား အပြည်ပြည်ဆိုင်ရာလေကြောင်းပျံသန်းမှုအတွက် Compulsory Reporting Point ဖြစ် ဆက်လက်ထားရှိ၍ မန္တလေးမြို့၏ကျက်သရေဆောင် အရပ်ဘက်လေယာဉ်မောင်းသင်ကျောင်းနှင့် အပျော်တမ်းပျံသန်းရေးကလပ် (Flying Club) ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **မြင်းခြံမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ကြောင်းအား ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ယခုမေးခွန်းသည် ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏မေးခွန်းနှင့် ဆင်တူပင်ဖြစ်ပါကြောင်း၊ **ဆီမီးခုံနေရာသည် ဧရာဝတီမြစ်ကြောင်းအရ ကြည့်လျှင် ထူးခြားသည့်နေရာဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်သည် တောင်မြောက်စီးဆင်းနေရာမှ ဆီမီးခုံရွာကျော်သည်နှင့် အရှေ့မှအနောက်သို့ စီးဆင်းသွားခြင်းဖြစ်ပါကြောင်း၊ ယနေ့အထိ ဆီမီးခုံရွာတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး သင်္ဘောများဆိုက်ကပ်ပြီး ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ထိုဆိပ်ကမ်းဘေး မြစ်ကမ်းပါးပြိုမှုနှင့်ပတ်သက်၍ ပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းမှုအပေါ် ဖြေကြားရလျှင် ယခင်အဖြေအတိုင်း ရန်ပုံငွေထည့်သွင်းထားခြင်းမရှိကြောင်းကို ပြောကြားလိုပါကြောင်း၊ သို့သော် ဆီမီးခုံဒေသတွင် စက်မှုဇုန်တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ပူးပေါင်းကာ ဆိပ်ကမ်းကြီးတစ်ခု တည်ဆောက်ရန်ရှိပါကြောင်း၊ အဆိုပါ ဆိပ်ကမ်းတည်ဆောက်ရင်း မြစ်ကမ်းပါးထိန်းသိမ်းမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း**ဖြင့် ပြန်လည်ဖြေကြားသည်။

ဥပဒေကြမ်းဆွေးနွေးအတည်ပြုခြင်းကဏ္ဍတွင် ဖေဖော်ဝါရီ ၁၅ ရက်က တင်သွင်းခဲ့သော **နိုင်ငံခြားသုံးငွေဆိုင်ရာဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ် (၂)ဦးတို့က ပြင်ဆင်ချက်အဆိုများအား တင်ပြကြသည်။

ထိုသို့တင်ပြရာတွင် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးက အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃၊ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ၊ ဈ၊ ည၊ ဋ၊ ဌ)၊ အပိုဒ် ၄(င)၊ အပိုဒ် ၅(ခ၊ င၊ စ)၊ အပိုဒ် ၆၊ အပိုဒ် ၇(က၊ ခ)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၄(ခ)၊ အပိုဒ် ၁၅ (ဂ)၊ အပိုဒ် ၁၆(က၊ ခ)၊ အပိုဒ် ၁၇၊ အပိုဒ် ၂၂၊ အပိုဒ် ၂၄၊ အပိုဒ် ၂၇(ခ)နှင့်အပိုဒ် ၂၈ တို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများအား တင်ပြသည်။

ထို့အတူ အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီးက အပိုဒ် ၃(ည)၊ အပိုဒ် ၅(ခ)၊ အပိုဒ် ၁၄(ခ)တို့နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများအား တင်ပြသည်။

အပိုဒ် ၃(ည)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရှိန်က ဥပဒေပါအကြောင်းအရာများ ရှေ့နောက်ညီညွတ်စေရန် ဥပဒေကြမ်းကော်မတီက တင်ပြသည့် ပြင်ဆင်ချက်ကသာ ပိုမိုသင့်လျော်ကြောင်းဖြင့်တင်ပြပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက သီးခြားဖော်ပြရန်မရှိပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင် ဦးကိုကြီးကလည်း ဥပဒေကြမ်းကော်မတီ၏တင်ပြချက်သည် ပြည့်စုံလုံလောက်မှုရှိသည့်အတွက် လက်ခံသဘောတူပါကြောင်းဖြင့် တင်ပြသည်။

အပိုဒ် ၅(ခ)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးအောင်မြသန်းက မူလအဆိုပြုပြဋ္ဌာန်းချက်ကသာ ကျစ်လျစ်သိပ်သည်းမှုရှိသဖြင့် မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုသင့်ပါကြောင်းဖြင့်တင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက သီးခြားတင်ပြရန် မရှိပါကြောင်းဖြင့် တင်ပြသည်။

အပိုဒ် ၁၄(ခ)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးတင်မောင်ရွှေက ဦးကိုကြီး၏တင်ပြချက်မှာ ပိုမိုပြည့်စုံသည်ကိုတွေ့ရပါကြောင်းဖြင့်တင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက သဘောတူပါကြောင်းဖြင့် တင်ပြသည်။

အလားတူ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းက အပိုဒ် ၂၂၊ အပိုဒ် ၂၇(ခ)တို့နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများအား တင်ပြသည်။

အပိုဒ် ၂၂ နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးအောင်မြသန်းက ဒေါက်တာစိုင်းကျော်အုန်း၏ တင်ပြချက်သည် လျော်ကန်သင့်မြတ်ပါကြောင်းဖြင့် တင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက သဘောတူပါကြောင်းဖြင့် တင်ပြသည်။

အပိုဒ် ၂၇(ခ)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးအောင်မြသန်းက ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ကသာ ပိုမိုကောင်းမွန်ပါကြောင်းဖြင့်တင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်တင်ပြချက်သည် ဆီလျော်မှုရှိသည့်အတွက် သဘောတူပါကြောင်းဖြင့် တင်ပြသည်။

လွှတ်တော်၏ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားသော အပိုဒ်၊ အပိုဒ်ခွဲ အမှတ်စဉ်များကို တစ်ပါတည်း အတည်ပြုချက်ရယူရာ သဘောမတူသူမရှိသည့်အတွက် **နိုင်ငံခြားသုံးငွေဆိုင်ရာ ဥပဒေကြမ်း** တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းဆုံးဖြတ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များသည် ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်ကြောင်း၊ ချစ်ကြည်ရေးခရီးစဉ်တွင် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာရေးနှင့် ပြည်သူ့လွှတ်တော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်တို့အကြား ချစ်ခင်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေးအဋ္ဌမနေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၄ ရက်က မြောက်ဥက္ကလာပမြို့နယ် (စ)ရပ်ကွက်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးရေးအတွက် မိုးပွင့်အဆင့်(၂)ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ပေးကြစဉ်။ (လဝက)

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့နယ်ခွဲ အမှတ်(၂) ရပ်ကွက် ၄ဝါလမ်းသွယ် (၁)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က လမ်းထိပ်မုခ်ဦး၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး မိုးမြင့်ကျော်၊ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းနှင့် မြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ ဦးရဲလင်းဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)



နိုင်ငံတကာသတင်းများ

ဆစ်ဒနီတွင် မုန်တိုင်းတိုက်ခတ်၊ ရေကြီးမှုများဖြစ်ပွား

ဆစ်ဒနီ ဖေဖော်ဝါရီ ၂၁

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တစ်ဝိုက်နှင့် နယူးဆော့ဝေးကမ်းခြေဘက်တို့တွင် ဖေဖော်ဝါရီ ၁၉ ရက် ညပိုင်းက အင်အားပြင်းထန်သည့် လေပြင်းမုန်တိုင်းများ ဝင်ရောက်တိုက်ခတ်သဖြင့် လူ ၃၀၀ ကျော်တို့အား အကူအညီပေးရန် လိုအပ်နေသည်ဟု အကြောင်းကြားခဲ့ကြကြောင်း နိုင်ငံ၏ အရေးပေါ်ရေးရာ ဝန်ဆောင်မှုလုပ်ငန်း တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားသည်။ (ဓါတ်ပုံ)

မုန်တိုင်းဒဏ်ကို ဆစ်ဒနီတောင်ပိုင်းနှင့် မြောက်ပိုင်း ဆင်ခြေဖုံးအရပ်တွင် ပိုမိုဆိုးရွားစွာ ခံစားခဲ့ရသည်။ ဆစ်ဒနီတောင်ပိုင်းမြို့စွန်အရပ် ပိခ်ဟတ်စ်တွင် မုန်တိုင်းဒဏ်ကြောင့် မိုးများ ပြင်းထန်စွာရွာသွန်းကာ ၁၀ မိနစ်အတွင်း မိုးရေချိန် ၂၆ မီလီမီတာရွာသွန်းရှိခဲ့သည်။ ဆစ်ဒနီလေဆိပ်တွင် ယင်းအချိန်အတိုင်းအတာအတွင်း ရွာသွန်းသောမိုးရေချိန်သည် ၁၈ မီလီမီတာရှိနေသည်။

ထိုသို့ မိုးရေချိန်မြင့်မားစွာ ရွာသွန်းသဖြင့် နယ်မြေများစွာ ရေကြီးရေလျှံသွားသည်။ အရေးပေါ်ရေးရာ ဝန်ဆောင်မှုဌာနက ဆစ်ဒနီဧရိယာနယ်မြေအနှံ့ ရေကြီးမှုကယ်ဆယ်ရေး ၁၀ နေရာကျော်တွင် ကယ်ဆယ်ရေးများ လုပ်ဆောင်ပေးနေရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

မက္ကဆီကိုနိုင်ငံ၌ ထောင်တွင်း ဆူပူမှု လူ ၄၄ ဦးသေဆုံး

မွန်တာရီ ဖေဖော်ဝါရီ ၂၁

မက္ကဆီကိုနိုင်ငံမြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၁၉ ရက်က ထောင်တွင်းဆူပူမှုဖြစ်ပွားစဉ် အနည်းဆုံး လူ ၄၄ ဦး သေဆုံးကြောင်း လုံခြုံရေးအရာရှိတစ်ဦးက ပြောကြားသည်။

နူဗိုလီယွန်ပြည်နယ် အပိုဒါကာမြို့အကျဉ်းထောင်၌ ယင်းနေ့ နံနက်ပိုင်းတွင် အကျဉ်းသားများက ထောင်ကြီးကြပ်တစ်ဦးကို ဓားစာခံအဖြစ်ဖမ်းဆီးစဉ် ထောင်ဆူပူမှုစတင်ဖြစ်ပွားခဲ့ကြောင်း ပြည်နယ်လုံခြုံရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂျော့ဒိုမီနီက ပြောကြားသည်။

ထိန်းသိမ်းနိုင်

အချို့သောအကျဉ်းသားများက အိပ်ရာကို မီးရှို့သဖြင့် အကျဉ်းထောင်အတွင်းမှ ကောင်းကင်သို့ မီးခိုးလုံးများတက်လာသည်ကို တွေ့ရသည်။ ထိုနေ့မှာပင် ထောင်ဆူပူမှုကို မက္ကဆီကိုရဲတပ်ဖွဲ့က အခြေအနေ ထိန်းသိမ်းနိုင်ကြောင်း သိရသည်။ **(အင်တာနက်)**

အမေရိကန်စစ်လေယာဉ် ဂျီဘူတီ၌ ပျက်ကျ၊ တပ်ဖွဲ့ဝင်လေးဦးသေဆုံး

ဂျီဘူတီ ဖေဖော်ဝါရီ ၂၁

ဂျီဘူတီသမ္မတနိုင်ငံတွင် အမေရိကန်လေယာဉ်တစ်စင်း ပုံမှန်ခရီးစဉ်ပျံသန်းစဉ် ပျက်ကျသဖြင့် စီးနင်းလိုက်ပါသည့်အမေရိကန်တပ်ဖွဲ့ဝင်လေးဦးစလုံး သေဆုံးသွားကြောင်း ဖေဖော်ဝါရီ ၂၀ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(အောက်ပုံ)**

ဂျီဘူတီမြို့တော် နိုင်ငံတကာလေဆိပ်မှ ခြောက်မိုင်ဝေးသည့်ဒေသတွင် အမေရိကန်စစ်လေယာဉ် ဖေဖော်ဝါရီ ၁၈ ရက် ဒေသစံတော်ချိန် ည ၈ နာရီက ပျက်ကျခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ စစ်လေယာဉ်ပျက်ကျမှုကို စုံစမ်းစစ်ဆေးပြီးသည့်အခါတွင် လေယာဉ်ပျက်ကျရသည့်အကြောင်းရင်း အသေးစိတ်ကို ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း အမေရိကန်စစ်အရာရှိများက ပြောကြားသည်။

တိုက်ခိုက်နေ

ဂျီဘူတီသမ္မတနိုင်ငံတွင် ယခုအခါ အမေရိကန်တပ်ဖွဲ့ဝင် ၂၂၀၀ ခန့်ထားရှိပြီး ဆိုမာလီနှင့် ယီမင်နိုင်ငံများသို့ လေကြောင်းမှ မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်နေကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

လမျက်နှာပြင်ပေါ်မှ ယူဆောင်ခဲ့သည့်ကျောက်တုံးများ နာဆာ၌ပျောက်ဆုံးနေ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၁



လလေ့လာရေးအပိုလိုအာကာသယာဉ် ခရီးစဉ် နှစ်ကြိမ်သွားရောက်ခဲ့စဉ်အချိန်၌ အာကာသယာဉ်မှူးများက လမျက်နှာပြင်ပေါ်မှ ယူဆောင်လာခဲ့သောကျောက်တုံးများ နာဆာတွင် သိမ်းဆည်းထားရာမှ မကြာမီက ပျောက်ဆုံးသွားခဲ့ကြောင်း နာဆာအရာရှိများက ဖေဖော်ဝါရီ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

ယူဆောင်လာ

၁၉၆၉ ခုနှစ်က အပိုလို ၁၁ ခရီးစဉ်၌ ယူဆောင်ခဲ့သော ကျောက်တုံးများနှင့် ၁၉၇၂ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်၌ အပိုလို ၁၇ အာကာသယာဉ်ဖြင့် လလေ့လာရေး နောက်ဆုံးခရီးစဉ်အဖြစ် အာကာသယာဉ်မှူး အူဂင်ဆာရင်နှင့် ဟာရီဆင်ရှမစ်တို့က လမျက်နှာပြင်ပေါ်မှ ၎င်းကျောက်တုံးများကို ကမ္ဘာမြေပေါ်သို့ ယူဆောင်လာခဲ့ကြခြင်းဖြစ်သည်။

မိမိတို့လမျက်နှာပြင်မှ ကျောက်တုံးများယူဆောင်လာခြင်းမှာ သုတေသနပြုရန်နှင့် ကမ္ဘာ့နိုင်ငံများသို့ ကျောက်တုံးအပိုင်းအစများ အမှတ်တရလက်ဆောင်အဖြစ် ဝေငှပေးကမ်းရန်ဖြစ်ကြောင်း အာကာသယာဉ်မှူး အူဂင်ဆာရင်က ပြောကြားသည်။ ရေခဲမုန့်အရွယ် လကျောက်တုံးအပိုင်းအစများကို ကမ္ဘာ့နိုင်ငံပေါင်း ၁၃၅ နိုင်ငံမှ အကြီးအကဲများထံနှင့် အမေရိကန်ပြည်နယ်ပေါင်း ၅၀ သို့ ပေးပို့ခဲ့သည်။ လလေ့လာရေးခရီးစဉ် နှစ်ကြိမ်တွင် လကျောက်တုံးပေါင်း ၃၇၀ ယူဆောင်ခဲ့ရာ နိုင်ငံတကာသို့ လက်ဆောင် ၁၈၅ တုံးပေးပြီးနောက် နာဆာတွင် လက်ကျန်သိမ်းဆည်းထားသော လကျောက်တုံး ၁၈၅ တုံးမှာ ပျောက်ဆုံးသွားကြောင်း နာဆာအရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

ရုရှားရဟတ်ယာဉ်များ အိန္ဒိယဝယ်ယူ

နယူးဒေလီ ဖေဖော်ဝါရီ ၂၁

အိန္ဒိယလေတပ်အင်အားတောင့်တင်းရန် အတွက် ရုရှားလုပ်အမ်အိုင်-၁၇ ဗွီ-၅ အမျိုးအစား စစ်သုံးရဟတ်ယာဉ်အသစ် အစင်း ၇၀ ကို ဝယ်ယူမည်ဖြစ်ကြောင်း အိန္ဒိယစစ်ဘက်မှ ဖေဖော်ဝါရီ ၂၁ ရက်၌ ထုတ်ဖော်ပြောကြားသည်။

အဆိုပါ ရဟတ်ယာဉ်များမှာ အိန္ဒိယလေတပ်အတွက် စစ်သုံးရဟတ်ယာဉ်အစင်း ၈၀ ဝယ်ယူဖြည့်ဆည်းမည့်အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ၎င်းရဟတ်ယာဉ်များကို တိုက်ခိုက်ရေးနှင့်လေ့ကျင့်ရေးများတွင် အသုံးပြုသွားမည်ဟု အိန္ဒိယကာကွယ်ရေးဝန်ကြီး အေကေအန်တိုနီက ပြောကြားသည်။ အမ်အိုင်-၁၇ ဗွီ-၅ ရဟတ်ယာဉ်များ ရုရှားမှဝယ်ယူရေးအတွက် အိန္ဒိယနှင့် ရုရှားတို့ ၂၀၀၈ ခုနှစ်ကတည်းက အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၄ ဘီလီယံဖိုးရှိ ရဟတ်ယာဉ်အစင်း ၈၀ ဝယ်ယူရေး သဘောတူစာချုပ်ချုပ်ဆိုထားခဲ့ခြင်းဖြစ်သည်။ ယင်းရဟတ်ယာဉ်အားလုံးကို ၂၀၁၄ ခုနှစ်၌ အိန္ဒိယလေတပ်တွင် အပြီး ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ **(အင်တာနက်)**

အမေရိကန်၌ ရေနံချက်စက်ရုံမီးလောင်

ဆီးတဲလ် ဖေဖော်ဝါရီ ၂၁

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်တွင်တည်ရှိသော ရေနံချက်စက်ရုံကြီးတစ်ရုံ၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ စက်ရုံအစိတ်အပိုင်းအများအပြား ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဝါရှင်တန်မီးသတ်တပ်ဖွဲ့က ဖေဖော်ဝါရီ ၂၁ ရက်၌ပြောကြားသည်။

အကြီးမားဆုံး

အဆိုပါစက်ရုံမှာ ဝါရှင်တန်ပြည်နယ် ဆီးတဲလ်မြို့မြောက်ပိုင်း ဝက်ကွန်စီရင်စု မြောက်ဘက်ကမ်းခြေဒေသတွင်တည်ရှိပြီး ဝါရှင်တန်ပြည်နယ်တွင် တတိယမြောက် အကြီးမားဆုံး ရေနံချက်စက်ရုံလည်းဖြစ်သည်။ **(ဓါတ်ပုံ)**

ထို့အပြင်၎င်းစက်ရုံသည် အမေရိကန်နှင့် ကနေဒါနိုင်ငံ နယ်စပ်အနီးတွင် တည်ရှိသည်။ ယင်းရေနံချက်စက်ရုံသည် ရေနံချက်လုပ်ငန်းများဆောင်ရွက်နေစဉ် ရုတ်တရက်မီးလောင်မှုဖြစ်ပွားခဲ့ရာမှ မိနစ် ၉၀ ခန့်ကြာမျှမီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ စက်ရုံမီးလောင်မှုကြောင့် တစ်စုံတစ်ဦးမျှထိခိုက်ဒဏ်ရာမရရှိခဲ့ကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။

စုံစမ်းစစ်ဆေး

၎င်းရေနံချက်စက်ရုံသည် ဘီပီချယ်ရီပွိုင့်ကုမ္ပဏီပိုင်ဖြစ်ပြီး မည်သည့်အတွက်ကြောင့် မီးလောင်မှုဖြစ်ပွားသည်ကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၂၁-၂-၂၀၁၂)

တင်မောင်လွင် – စုစည်းသည်

ယူကရိန်းနှင့် ရုရှားတို့ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်မည်

ယူကရိန်းသမ္မတဗစ်တာယာကော့နူယက်ချ်သည် ရုရှားနိုင်ငံနှင့် နှစ်ဦးနှစ်ဖက်အကျိုးတူပူးပေါင်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက်စီးပွားဘက်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် အထောက်အကူပြုဆောင်ရွက်ကြရန် ဖေဖော်ဝါရီ ၂၀ ရက်က ကတိကဝတ်ပြုခဲ့ကြကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြပါရှိသည်။ ယူကရိန်းသမ္မတသည် ရုရှားနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ ဆာဂျီနာရီရှီကင်နှင့် အစည်းအဝေးတစ်ခုပြုလုပ်စဉ်အတွင်း ထိုသို့ကတိကဝတ်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ နှစ်နိုင်ငံအကြားဆက်ဆံရေးတိုးတက် မြင့်မားလာခြင်းအပေါ် အခြေခံကာ တည်ငြိမ်မှုနှင့် တိုးတက်မှုအကျိုးရလဒ်ကောင်းများ အမြဲထာဝရ ရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း သမ္မတယာနူကော့ယက်က ပြောကြားခဲ့သည်။ ရုရှားဒူးမားလွှတ်တော်ဥက္ကဋ္ဌ နာရီရှီကင်သည် ယူကရိန်းနိုင်ငံသို့ ၎င်း၏ပထမဆုံးသွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများနှင့်နိုင်ငံရေးဆိုင်ရာ အပြန်အလှန်ဆွေးနွေးမှုများ အရှိန်အဟုန်မြှင့်တင်ရန်အတွက် ထိုသို့ဖိတ်ခေါ် ကမ်းလှမ်းကာ ဆွေးနွေးမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ စူမတြားတွင် ရထားနှစ်စင်းတိုက်မှုဖြစ်ပွား

အင်ဒိုနီးရှားနိုင်ငံ စူမတြားကျွန်းတွင် ဖေဖော်ဝါရီ ၁၉ ရက် နံနက်က ကျောက်မီးသွေးများတင်ဆောင်လာသည့် ရထားနှစ်စင်းတိုက်မှုဖြစ်ပွားရာ အနည်းဆုံး လူလေးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ဖေဖော်ဝါရီ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။ အဆိုပါမတော်တဆမှုသည် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၅ နာရီခွဲက ဖြစ်ပွားခဲ့ပြီး ယင်းကျောက်မီးသွေးတင်ရထားနှစ်စင်းသည် တောင်စူမတြားပြည်နယ် မူရာအီနမ်ရီဂျင်စီလင်လမ်းပေါ်တွင် တိုက်မိခဲ့ခြင်းဖြစ်သည်။ ရထားတစ်စင်းမှာ ကျောက်မီးသွေးအတွဲ ၄၄ တွဲတင်ဆောင်လာပြီး အခြားရထားတစ်စင်းမှာ ကျောက်မီးသွေး အတွဲ ၁၆ တွဲကို တင်ဆောင်လာခြင်းဖြစ်သည်။ အဆိုပါတိုက်မှုကြောင့် ရထားနှစ်စင်းလုံးမှ ရထားမောင်းသူနှစ်ဦးအပါအဝင် အကူရထားနှစ်ဦးတို့ သေဆုံးခဲ့ပြီး အခြားလိုက်ပါသူနှစ်ဦးတို့ ဒဏ်ရာရရှိခဲ့သည်။

အမေရိကန်တွင် နှင်းခဲများပြိုကျမှုကြောင့် သုံးဦးသေဆုံး

အမေရိကန်နိုင်ငံမြောက်ပိုင်းပြည်နယ်ရှိ ဝါရှင်တန်ဒေသတွင် တောင်တစ်ခုပေါ်မှ နှင်းခဲများပြိုကျမှုကြောင့် လူသုံးဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ မီဒီယာများက ဖေဖော်ဝါရီ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။ ၎င်းတို့သုံးဦးသည် ယင်းနေ့နံနက်အစောပိုင်းက ပျောက်ဆုံးနေခဲ့ရာမှ သေဆုံးသွားခဲ့သည်ဟု ရဲတပ်ဖွဲ့ဝင်များက အတည်ပြုခဲ့ကြောင်း ဒေသတွင်းရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည်။ ယင်းသေဆုံးသူသုံးဦးသည် စတီဗင်စ်ပတ်စကီဒေသအနီးသို့ အပန်းဖြေသွားရောက်ရာမှ ထိုကဲ့သို့ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဘဂ္ဂဒက်မြို့ ရဲသိပ္ပံ၌ အသေခံဗုံးခွဲ၊ ၁၅ ဦးသေဆုံး

အီရတ်နိုင်ငံတွင် ဖေဖော်ဝါရီ ၁၉ ရက်က အကြမ်းဖက်တိုက်ခိုက်မှုများတွင် လူ ၂၀ ကျော်သေဆုံးကြောင်း အင်တာနက်သတင်း၌ ဖော်ပြပါရှိသည်။ ဘဂ္ဂဒက်မြို့တော်အရှေ့ပိုင်းရှိ ရဲသိပ္ပံခြံပေါက်ဝတွင် ယင်းနေ့က အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး ၁၅ ဦးသေဆုံးပြီး ၂၁ ဦး ဒဏ်ရာရရှိသွားသည်။ ဘဂ္ဂဒက်မြို့တော် မြောက်ဘက်ဒီယာလာပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုနှစ်ခုတွင် ခုနစ်ဦးသေဆုံးသည်။ လေးဦးကို သေနတ်သမားများက ပစ်သတ်လိုက်ခြင်းဖြစ်ပြီး သုံးဦးမှာ ကာကူအာမြို့တောင်ပိုင်းစစ်ဆေးရေးဂိတ်ကို ပစ်ခတ်ရာမှ ထိမှန်သေဆုံးခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၌ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းမိသားစု ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ်(ပထမအသုတ်)အဖွဲ့က ဆီမီး (၁၀၀၀) ထွန်းညှိပူဇော်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစု ဘုရားဖူးနှင့်လေ့လာရေးခရီးစဉ် (ပထမအသုတ်) အဖွဲ့၏ ဆီမီး (၁၀၀၀) ထွန်းညှိပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက် ည ၈ နာရီခွဲတွင် ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး၏ အောက်ဘက်ပတ်လမ်း ရင်ပြင်တော်ပရိဝုဏ်၌ ကျင်းပသည်။

ဆီမီးထွန်းညှိပူဇော်ပွဲတွင် ဘုရားဖူးနှင့်လေ့လာရေးခရီးစဉ် အဖွဲ့ခေါင်းဆောင် The New Light of Myanmar သတင်းစာတိုက် စာတည်းမှူးချုပ် ဦးသန်းမြင့်ထွန်းနှင့် တာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကမကထပြု၍ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းနှင့် မိသားစုအင်အား ၁၃၅ ဦးတို့က ဆီမီး (၁၀၀၀) ထွန်းညှိပူဇော်ကြရာ ဘုရားဖူးလာ ရဟန်းရှင်လူ၊ ပရိသတ်များကပါ ပေါင်းစုညီညာ၊ ဝိုင်းစုကာဖြင့်၊ စုပေါင်းမျှတူ၊ ကုသိုလ်ယူကာ ဆီမီးထွန်းညှိ ပူဇော်ကြသည့်အတွက် ရင်ပြင်တော်ပရိဝုဏ်တစ်ခုလုံး ရောင်ဝါဆီမီး ထိန်ထိန်ညီး၍ ကုသိုလ်ပြယ် ဘဝင်ညံခဲ့သည်။

ဖေဖော်ဝါရီ ၁၉ရက် နံနက်ပိုင်းတွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ဘုရားဖူးအဖွဲ့၏ စုပေါင်းအလှူငွေကျပ် ၁၅၂၀၀ကို ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ကြီး ဘက်စုံအလှူငွေအတွက် စေတီတော်ဂေါပကအဖွဲ့ရုံးသို့ ပေးအပ်လှူဒါန်းကြသည်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းမိသားစုများ စိတ်ပျော်ရွှင်ချမ်းမြေ့စေရန်နှင့် လုပ်ငန်းခွင်စွမ်းရည်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်လျက် ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ်များကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်၊ ဖေဖော်ဝါရီ ၂၅ရက်နှင့် မတ် ၂ရက် တို့တွင် သုံးကြိမ် သုံးသုတ်ခွဲကာ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်အထိမ်းအမှတ် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်းနှင့် ရေစက်ချမင်္ဂလာ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော် အထိမ်းအမှတ် မြတ်စွာဘုရားရုပ်ပွားတော်၊ ရွှေသားစေတီတော်၊ ရွှေပြားသက်န်းတော်၊ ရွှေဟောင်း စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ ဒေသစာရီကြွချီ အပူဇော်ခံခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်းနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၅ နာရီ မိနစ် ၂၀ တွင် ဆိပ်ကမ်းမြို့နယ် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပရာ ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဗိုလ်တထောင်စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမေဓာနန္ဒ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မြတ်စွာဘုရား ရုပ်ပွားတော်၊ ရွှေသားစေတီတော်တို့အား ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဗိုလ်တထောင်စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါ စရိယ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမေဓာနန္ဒထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ချီးမြှင့်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် (ဇနီး)၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လှူဒါန်းမှုအစုစုအတွက် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ ရေစက်ချအနုမောဒနာတရား နာကြားကြပြီး အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေတိဂုံစေတီတော်အား လွန်ခဲ့သော နှစ်ပေါင်း(၁၂၃)နှစ်က တင်လှူခဲ့သည့် ရှေးဟောင်းရွှေစိန်ဖူးတော်နှင့် ရွှေငှက်မြတ်နားတော်တို့အား ကြည်ညိုပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းမိသားစု ဘုရားဖူးနှင့် လေ့လာရေးခရီးစဉ် (ပထမအသုတ်) အဖွဲ့က ဆီမီး (၁၀၀၀) ထွန်းညှိပူဇော်ကြစဉ်။ (သတင်းစဉ်)

▲ *ကျောဖုံးမှ*

အဲဒီ နောက်ဆုံးဆန်ခါတင်ရွေးချယ်ခြင်းခံထားရတဲ့ ဒါရိုက်တာ၊ ရုပ်ရှင် မင်းသားနဲ့ ရုပ်ရှင်မင်းသမီးတွေကို အော်စကာဆုချီးမြှင့်ပွဲအစီအစဉ်ကို ရိုက်ကူးထုတ်လွှင့်မယ့် အေဘီစီရုပ်မြင်သံကြားလိုင်းမှ သတင်းထောက်တစ်ဦးက တွေ့ဆုံမေးမြန်းခဲ့မှုကို ဖော်ပြလိုက်ပါတယ်။

သတင်းထောက် ။ ။ **ဒါရိုက်တာဝုဒ်ဒီအလန်အနေနဲ့ ဘယ်ဇာတ်ကားနဲ့ အော်စကာဆုအတွက် ပဏာမအမည်စာရင်းရွေးချယ်ခြင်း ခံထားရပါသလဲ။ အဲဒီဇာတ်ကားကို ဘယ်လိုကြောင့် ရိုက်ကူးဖြစ်ခဲ့ပါသလဲ။**

ဝုဒ်ဒီအလန် ။ ။ Midnight in Paris ဇာတ်ကားနဲ့ပါ။ ဒီဇာတ်ကားရဲ့ ဇာတ်လမ်းဇာတ်အိမ် တည်ဆောက်ရေးဖွဲ့ထားမှုက ရုပ်ရှင်အဖြစ်ရိုက်ကူးရင် ကောင်းမယ်ဆိုတဲ့ အတွေးလည်း ရရှိခဲ့ပါတယ်။ ၂၀၁၀ခုနှစ် စက်တင်ဘာမှ စတင်ရိုက်ကူးခဲ့ပြီး ၂၀၁၁ ခုနှစ် မတ်လမှာ ရုံတင်ပြသခဲ့တဲ့ ဇာတ်ကားဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ ပါရီမြို့ရဲ့ စိတ်ဝင်စားဖွယ်အကောင်းဆုံးနေရာတွေကို ပါဝင်အောင် ထည့်သွင်း ရိုက်ကူးထားပါတယ်။

သတင်းထောက် ။ ။ **ဘယ်အချိန်က စတင်ပြီး ရုပ်ရှင်လောက ရောက်တာပါလဲ။ အရင်က အော်စကာဆုတွေ ရရှိဖူးလား။**

ဝုဒ်ဒီအလန် ။ ။ အသက် ၁၅နှစ် အရွယ်ကတည်းက ရုပ်ရှင်လောကကို စတင်ရောက်ခဲ့တာပါ။ အခု ၇၇ နှစ်ရှိပါပြီ။ သရုပ်ဆောင်၊ ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာ၊ တေးဂီတသမား အစုံကျင်လည်ခဲ့တာပါ။ ဒါရိုက်တာ အနေနဲ့ အော်စကာသုံးဆု ရရှိပြီးပါပြီ။ ပဏာမအမည်စာရင်းဝင်ခဲ့တာက (၂၃)ကြိမ်ပါ။

သတင်းထောက် ။ ။ **အကောင်းဆုံး အမျိုးသားသရုပ်ဆောင် အော်စကာဆုအတွက် ဘယ်ဇာတ်ကားနဲ့ ပဏာမအမည်စာရင်းမှာ ပါနေလဲဆိုတာ ပြောပေးပါ။**

ဒီမိန်းဘီချာ ။ ။ A Better Life ဇာတ်ကားနဲ့ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ သရုပ်ဆောင်ခဲ့ရတာ စိတ်တိုင်းလည်း ကျပါတယ်။

သတင်းထောက် ။ ။ **အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု ဘယ်နှကြိမ် ရရှိဖူးလဲ။ ရုပ်ရှင်လောကရောက်တာ ကြာပြီလား။**

ဒီမိန်းဘီချာ ။ ။ အသက် ၂၀အရွယ်က ရုပ်ရှင်လောက စတင်ရောက်ရှိခဲ့ပါတယ်။ အခုအသက် ၄၉ နှစ်ရှိပြီ။ အော်စကာဆုအတွက် ပဏာမအမည်စာရင်း (၈)ကြိမ် အရွေးခံရဖူးပါတယ်။ တစ်ကြိမ်မှတော့ မရသေးပါဘူး။ ဒီဇာတ်ကားမှာ ကာလီဖိုးနီးယားမှာ ဥယျာဉ်မှူးအဖြစ် သရုပ်ဆောင်ထားတာဖြစ်ပြီး သရုပ်ဆောင်မှု စိတ်တိုင်းကျခဲ့တဲ့ ဇာတ်ကားဖြစ်ပါတယ်။

သတင်းထောက် ။ ။ **ရုပ်ရှင်မင်းသမီး ရီးနေမာရာအနေနဲ့ အော်စကာဆု ပဏာမစာရင်းမှာ အရွေးခံရတာ ဘယ်နှကြိမ်မြောက်ဖြစ်မလဲ။**

ရီးနေမာရာ ။ ။ အော်စကာဆုအတွက် ပထမဆုံးအကြိမ် အမည်စာရင်း ရွေးချယ်ခံရတာပါ။ အသက် ၁၈ နှစ်က ရုပ်ရှင်လောက စတင်ရောက်ရှိပြီး အခုအသက် ၂၇ နှစ်ရှိပါပြီ။ အခုလို အော်စကာဆုအတွက် The Girl with Dragon Tattoo ဇာတ်ကားနဲ့ ပဏာမအမည်စာရင်း အရွေးခံရတာကိုက ကျွန်မအတွက် ဂုဏ်ယူစရာပါပဲ။

(ဆက်လက်ဖော်ပြပါမည်)

✻ *ကျောဖုံးမှ*

ဥရောပအာကာသအေဂျင်စီသည် ပြီးခဲ့သည့် ၂၀၀၈ခုနှစ်မှ စတင်ကာ နိုင်ငံတကာအာကာသယာဉ်စခန်းသို့ အာကာသသယ်ယူပို့ဆောင်ရေးယာဉ် အေတီဗွီကို ပထမဆုံးစေလွှတ်ခဲ့သည်။ ၄င်းအေတီဗွီယာဉ်ကို ပြင်သစ်သိပ္ပံပညာရှင် ဂျူးလိယက်စ်ဗာနီအား ဂုဏ်ပြုသောအားဖြင့် ဂျူးလိယက်စ်ဗာနီဟုလည်း အမည်ပေးခဲ့သည်။

၂၀၁၁ခုနှစ်က စေလွှတ်ခဲ့သော အေတီဗွီ-၂ အာကာသယာဉ်ကိုလည်း ဂျာမနီသင်္ချာပညာရှင်နှင့် အာကာသယာဉ်မှူးလည်းဖြစ်သော ဂျိုဟန်နက်စ်ကီပလာအားဂုဏ်ပြုသောအားဖြင့် ကီပလာဟုအမည်ပေးခဲ့သည်။ လာမည့်မတ်လ ၉ရက်တွင် လွှတ်တင်မည့် အေတီဗွီ-၃ အာကာသယာဉ်ကိုလည်း ဘယ်လ်ဂျီယံသိပ္ပံပညာရှင် ဂျော့လီမေထရီအား ဂုဏ်ပြုသောအားဖြင့် ဂျော့လီမေထရီဟု အမည်ပေးထားသည်။

(အင်တာနက်)

❍ *ကျောဖုံးမှ*

၃၀၂ စတုရန်းမိုင်နှင့် ကလောချောင်း (သန်းတောင်ချောင်း) ရေဆင်းဧရိယာ ၂၅၆ စတုရန်းမိုင်၊ ရေပယ်ချောင်း (နယ်ခြားချောင်း) ရေဆင်းဧရိယာ ၁၃၆ စတုရန်းမိုင်တို့ ဖြစ်ကြသည်။

အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သာယာလှပရေးအတွက် ညောင်ရွှေမြို့နယ် ဆည်မြောင်းဦးစီးဌာနက စက်အင်အားများ တိုးချဲ့အသုံးပြု၍ နမ့်လတ်ချောင်းနှင့် ရေပယ်ချောင်းတို့ ပူးပေါင်းစီးဆင်းလာသော ချောင်း နှစ်ချောင်း ရေဆင်း ဧရိယာ ၆၆၄ စတုရန်းမိုင်မှ စီးဝင်လာသည့် သဲနုန်းပို့ချမှုများကို ဘီတာသောင်တူးသင်္ဘောနှင့် သောင်လင်းသောင်တူးသင်္ဘောတို့ဖြင့် တူးဖော်လျက်ရှိသည်။ ထို့အပြင် ငါးဖယ်ချောင်း ရေလမ်းသို့ စီးဝင်လာသည့် ရေဆင်းဧရိယာ ၃၀၂ စတုရန်းမိုင်ရှိ ဘီလူးချောင်း (အင်းတိန်ချောင်း)၊ ရေဆင်းဧရိယာ ၂၅၆ စတုရန်းမိုင်ရှိ ကလောချောင်း (သန်းတောင်ချောင်း)တို့မှ ပို့ချထားသော သဲနုန်းများကိုလည်း သောင်ဖျက်သောင်တူးသင်္ဘောဖြင့် သဲနုန်းများကို တူးဖော်ပေးလျက်ရှိသည်။

အင်းလေးကန် သာယာလှပရေးအတွက် အင်းလေးကန်ရေပြင်မြင့်တက်လာမှုနှင့်အတူ လိုက်ပါလာသည့် ကျွန်းမျှောရိုင်းကြီးများ၊ ဗေဒါများ လာရောက် စုပုံပိတ်ဆို့နေမှုများကို ကံသာဦး အင်းရေပြင်တွင် စက်ကြီးများဖြင့် ရှင်းလင်းပေးလျက်ရှိသည်။ အင်းလေးကန်သည် ရေပြင်အကျယ် ၂၄ စတုရန်းမိုင် ၁၅၃၆၀ ဧကရှိပြီး ရေတိမ်ပိုင်းဖြစ်သည့် ကံသာဦး အင်းရေပြင်၊ ငါးဖယ်ချောင်းရေလမ်းနှင့် ဟသ်ာတိုင်ကြား အင်းရေပြင်၊ နန်းဝန်ကျေးရွာ မြောက်ဘက်ရှိ ရေမှော်များကို မှော်ရှင်း (၁) မှော်ဖြတ်စက်၊ မှော်ရှင်း (၂)မှော်ဖြတ်စက်များဖြင့် အင်းရေပြင်သန့်ရှင်းစေရန်နှင့် ရေကြောင်းသွားလာမှု လွယ်ကူစေရန်အတွက် ၆ ဒသမ ၀ စတုရန်းမိုင် ဧက ၃၈၄၀ ရှင်းလင်းပေးနိုင်ခဲ့သည်။ ရေမှော်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသည့် နေရာများကို ရေမှော်ဆယ်စက်၊ စက်လှေ၊ လူအင်အားတို့ဖြင့် စဉ်ဆက်မပြတ် ရှင်းလင်းဖယ်ရှားပေးလျက်ရှိသည်။

အင်းလေးကန်သာယာလှပရေးနှင့် သန့်ရှင်းရေးအတွက် ကျွန်းမျှောရိုင်းများ စဉ်ဆက်မပြတ် ရှင်းလင်းဖယ်ရှားသွားမည့်အပြင် ကျွန်းမျှောရိုင်းများကိုလည်း အမြဲမပြတ် ဖျက်ဆီးသွားမည်ဖြစ်သည်။ အင်းရေပြင် ရေမှော်များကိုလည်း စဉ်ဆက်မပြတ် ရှင်းလင်းခဲ့ရာ ယနေ့အထိ ၃၂၆ ဧက ရှင်းလင်းပြီးဖြစ်သည်။ ထို့အပြင် အင်းရွာများကိုလည်း သန့်ရှင်းရေးပြုလုပ်ခဲ့ရာ ရွာပေါင်း ၃၀ သန့်ရှင်းရေးပြုလုပ်ပြီးဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကသမိုင်းဝင် အင်းလေးကန်ကြီး မတိမ်ကောရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ညောင်ရွှေမြို့ ဆည်မြောင်းဦးစီးဌာနက စီမံချက်များ ရေးဆွဲ၍ နေ့စဉ်၊ လစဉ်၊ စက်ယန္တရားကြီးများဖြင့် နုန်းသယ်ခြင်း၊ ကန်သန့်ရှင်းရေးအတွက် ရေမှော်များ ရှင်းလင်းခြင်း၊ ကျွန်းမျှောရိုင်းများ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ညောင်ရွှေမြို့နယ် ဆည်မြောင်းဦးစီးဌာနသည် နှစ်စဉ် အင်းလေးဖောင်တော်ဦး ဘုရားပွဲ ဒေသစာရီမကြွမီနှင့် ကြွနေစဉ်ကာလအတွင်း ဒေသစာရီ ကြွချီမည့်ရွာများ သွားရာလမ်းတစ်လျှောက် ဖောင်လမ်းကြောင်းများ ရှင်းလင်းပေးခဲ့ရသည်။

နိုင်ငံတော်မှ ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အင်းလေးကန် သာယာလှပ စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင်အနေအထားများ မပျက်သုဉ်းစေရေး၊ အင်းလေးကန်ရှိ ဇီဝဂေဟစနစ်များ ကောင်းမွန်လာစေရေး၊ သဘာဝပတ်ဝန်းကျင် အနေအထား ရေရှည်တည်တံ့စေရေးတို့ကို ဆည်မြောင်းဦးစီးဌာနက စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်ကို ရေးသားတင်ပြလိုက်ရပါသည်။ ။

ဘဝအမောပြေ — အာကာဟိန်း-ရေးသားသည်

ဖြစ်ပုံက ...

တောသားသုံးဦးသည် ဘူတာရုံသို့ ရောက်ရှိလာပြီးနောက် ၎င်းတို့အနက် တစ်ဦး မှာ လက်မှတ်သွားဝယ်လေသည်။ ထိုအချိန်တွင်. . . .

ခရီးသည်တစ်ဦး ။ ။ **ဟိုမှာရထားလာပြီ။**

တောသားများ ။ ။ ဟုတ်ပါရဲ့။

ခရီးသည်တစ်ဦး ။ ။ **ကဲ.... ရထားဆိုက်ပြီ တက်တော့မယ်။**

တောသားများ ။ ။ ဟုတ်ကဲ့။
(ထိုအချိန်မှာပင် ရထားကဘူတာရုံမှ ထွက်ခွာစပြုနေရာ. . . .)

တောသားများ ။ ။ ဟိုတစ်ယောက်လည်း မလာသေးဘူး ငါတို့ရထားကို ခဏရပ်ခိုင်းဖို့သွားပြောမှ ဖြစ်မယ်။
(ထိုသို့ ပြောပြီးရထားပေါ် အပြေးတက်သွားကြရာ ရထားလည်း အရှိန်ရ၍ ထွက်သွားသဖြင့် ပါသွားလေသည်။)

ထိုအချိန်တွင် လက်မှတ်ဝယ်ပြီး ပြန်လာသည့် တောသားကို အနီးရှိ အမျိုးသားတစ်ဦးက. . . .

အမျိုးသား ။ ။ **ခင်ဗျားမိတ်ဆွေ နှစ်ဦးတော့ ရထားပေါ် ပါသွားပြီဗျ၊ တော်သေးတာပေါ့။**

တောသား ။ ။ ဟုတ်လား၊ ဒုက္ခပါပဲ၊ သူတို့နှစ်ယောက်က ကျွန်တော့်ကို လိုက်ပို့တဲ့ လူတွေဗျ။

အမျိုးသား ။ ။ **ဟောဗျာ-**

သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။ *နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။*

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးဟောင်း လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးဟောင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးနှင့် စီမံခန့်ခွဲမှုသိပ္ပံ ညွှန်ကြားရေးမှူး Mr. Takashi TAJIMA သည် ယနေ့ ညနေ ၄ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံမှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးဟောင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ စီးပွားရေးနှင့် စီမံခန့်ခွဲမှုသိပ္ပံ ညွှန်ကြားရေးမှူး Mr. Takashi TAJIMA လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့်လွှတ်တော်ကိုယ်စားလှယ် (၂၂)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၈)ခုကို မေးမြန်းဖြေကြားခြင်း၊ အဆို(၆)ခု တင်သွင်းခြင်းများ ဆောင်ရွက်ပြီး အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

စိုက်ပျိုးချိန်အမီ နေရပ်ဒေသများတွင် လုံခြုံစိတ်ချစွာ နေထိုင်လုပ်ကိုင်နိုင်ရေး ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ကချင်ပြည်နယ်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန်၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက မိမိတို့အဖွဲ့ လှည့်လည်ကြည့်ရှုလေ့လာရာတွင် တိုင်းရင်းသားမိသားစုများအနေဖြင့် ၎င်းတို့၏အရပ်ဒေသ၌ ပြန်လည်အခြေချ နေထိုင်လိုကြသူများရှိသကဲ့သို့ မိသားစုအချို့မှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် နေရာဒေသများတွင် ရွာသစ်ထူထောင်နေထိုင်လိုကြသည်ကိုလည်း တွေ့ရှိရကြောင်း၊ မိသားစုများ၏ စားဝတ်နေရေးအတွက် နိုင်ငံတော်နှင့် သက်ဆိုင်ရာအသင်းအဖွဲ့များ၏ ထောက်ပံ့ပေးနေမှုများကြောင့် အဆင်ပြေကြသည်ကို အများဆုံးတွေ့ရှိရပြီး စခန်းအချို့သာ ဆက်သွယ်မှု အခက်အခဲ အနည်းငယ်ရှိသည်ကို တွေ့ရကြောင်း၊ ပဋိပက္ခများချုပ်ငြိမ်းပပျောက်သွားပါက ပြန်လည်ထူထောင်ရေး လုပ်ငန်းအတွက် လိုအပ်သည့်စာရင်းဇယားများကို စနစ်တကျရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိသားစုများ၏ အခြေခံလိုအပ်ချက်များသာမက ရသင့်ရထိုက်သည့် အခွင့်အလမ်းများကို အပြည့်အဝရရှိအောင် အဘက်ဘက်က စဉ်းစားဖြည့်ဆည်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်သည့်အခါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ တစ်ပါတည်းထည့်သွင်း ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများ ဖြစ်သည့်ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများကိုဆောင်ရွက်ရာတွင် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဒေသအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပေါင်းစုံတို့၏ ဆန္ဒနှင့်အညီဖြစ်စေရန် အလေးအနက်ထား ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

အရှိန်အဟုန်မြှင့်

ထို့နောက် တက်ရောက်လာကြသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ တိုင်းရင်းသားမိသားစုများ ကြုံတွေ့ရသည့်အခက်အခဲများနှင့်ဆန္ဒများအပေါ် ဆောင်ရွက်သင့်သည်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းပေးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ယခုလို အဘက်ဘက်က ဝိုင်းဝန်းစဉ်းစား အကြံပြုကြသည့်အတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးသင့်သည်များကို ဆက်လက် ပံ့ပိုးပေးသွားနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးချိန်အမီ နေရပ်ဒေသများတွင် လုံခြုံစိတ်ချစွာ နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ကချင်ပြည်နယ်အတွင်း ပဋိပက္ခများချုပ်ငြိမ်းပပျောက်သွားပါက ခေတ္တရွှေ့ပြောင်းလာသည့် မိသားစုများ၏ဆန္ဒနှင့်အညီ နေရပ်ဇာတိကျေးရွာများသို့ ပြန်လည်ပို့ဆောင်ပေး၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် သန့်ရှင်းရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့်အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးတို့ အပါအဝင် ကဏ္ဍပေါင်း(၁၁)ခုဖြင့် စီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဆက်သွယ်လှူဒါန်းနိုင်

ခေတ္တရွှေ့ပြောင်းလာသည့် မိသားစုများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်လှူဒါန်းကြလိုသူများအနေဖြင့် ကချင်ပြည်နယ်လူမှုရေးဝန်ကြီးရုံး ဖုန်း-၀၇၄-၂၉၅၂၀၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးရုံး ဖုန်း-၀၇၄-၂၂၃၈၆ နှင့် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနရုံး ဖုန်း-၀၇၄-၂၄၀၁၅ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း ကချင်ပြည်နယ်အတွင်း နယ်မြေလုံခြုံရေးအရ ရွှေ့ပြောင်းလာသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မြန်မာ့ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းအဖွဲ့ ဂျာမနီနိုင်ငံအခြေစိုက် Hanns Seidel Foundation နှင့် International Centre For Responsible Tourism တို့ ပူးပေါင်းဆောင်ရွက်သည့် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ညီလာခံကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန Delegated Listenting Room ၌ ကျင်းပသည်။

တက်ရောက်

အလုပ်ရုံဆွေးနွေးပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးဌေးအောင်က အဖွင့်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ တာဝန်ယူမှုရှိသည့် ခရီးသွားလုပ်ငန်းဗဟိုဌာနမှ တာဝန်ရှိသူများက တာဝန်ယူမှုရှိသည့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကဏ္ဍရပ်များနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် နိုင်ငံတကာမှ ပညာရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အလုပ်ရုံဆွေးနွေးပွဲခေါင်းစဉ်ပါ အနာဂတ်မြန်မာနိုင်ငံ၏ တာဝန်ယူမှုရှိသောခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ အတွေ့အကြုံနှင့် သင်ခန်းစာများကိုအခြေခံ၍ မိမိတို့၏ သဘောထားနှင့် အတွေးအမြင်များကို ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။

ဖေဖော်ဝါရီ ၂၂ ရက်တွင် ဒုတိယနေ့ အစီအစဉ်ဖြစ်သော ပုဂ္ဂလိကအခန်းကဏ္ဍ၏ ပါဝင်မှုနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍအတွင်းရှိ ပုဂ္ဂလိကလုပ်ငန်းခွင်များ၊ စီမံခန့်ခွဲမှုများနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးကြမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် အစိုးရဌာနနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ခုမှ ရလဒ်များကိုအခြေခံ၍ တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းကွန်ဖရင့်ကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ညီလာခံ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စု ကျောက်အိုင်ကျေးရွာတွင် ပညာဗိမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက်က အဆိုပါစာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းလှ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှအေးနှင့် ရပ်မိရပ်ဖများ ပန္နက်ရိုက်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၀ နံနက်ခင်းသတင်း
၇:၅၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ

ညပိုင်း

၄:၁၅ တေးဂီတအစီအစဉ်
၄:၃၀ **၂၀၁၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)**
၆:၁၅ မိုးလေဝသအခြေအနေ
၆:၂၀ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့ မြန်မာဗီဒီယိုဇာတ်လမ်း **မျှော်လင့်ခြင်းအခြားတစ်ဖက်** ပြေတီဦး၊ နန္ဒာလှိုင်၊ ရတနာခင်၊ ခင်လေးနွယ်၊ ဝိုင်းစုခိုင်သိန်း ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)

တံတားအချက်အလက်များ

၁။ သံလွင်မြစ်ကူးတံတား(တာကော်အက်)သည် ရှမ်းပြည်နယ် တန့်ယန်း-ပန်ဆန်းကားလမ်းပေါ်၌ တည်ရှိသည်။

၂။ တံတားအလျားပေ ၆၀၀ ရှိပြီး တံတားအကျယ် ၁၆ ပေ ၅ လက်မ ရှိသည်။

၃။ အပေါ်ထည်မှာ ဘေလီကြိုးတံတားအမျိုးအစားဖြစ်ပြီး အောက်ထည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။

၄။ တံတားတည်ဆောက်ရေး စီမံကိန်းကို ၁-၄-၁၉၉၅ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၂-၂-၁၉၉၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

တိုင်းရင်းသားပြည်သူများ နယ်စပ်ဒေသအထိ အေးချမ်းသာယာစွာဖြင့် လွယ်ကူစွာ သွားလာနိုင်သော ရှမ်းပြည်နယ် တန့်ယန်းမြို့နယ်ရှိ သံလွင်မြစ်ကူးတံတား(တာကော်အက်)

သတင်းမှတ်စု - မောင်ငြိမ်းအေး



သံ လွင် မြစ် ကူးတံတား(တာကော်အက်)ကို တည်ဆောက်မပေးမီက ဒေသခံတိုင်းရင်းသား ပြည်သူများ ကူးတို့ဖြင့် ဤသို့ခက်ခက်ခဲခဲ ကူးသန်းသွားလာရသည်။

သံလွင်မြစ်ကူးတံတား(တာကော်အက်) မှ တန့်ယန်းမြို့အထိ တံတားအထွက်လမ်းမှာ ဖြောင့်ဖြူးသာယာလှသည်။

- နှစ်(၅၀)ပြည့် ရွှေရတုပြည်ထောင်စုနေ့တွင် ဖွင့်လှစ်ခဲ့သော ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်ရှိ တာကော်အက်တံတားသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်သည့် အထိမ်းအမှတ် ပြယုဂ်တစ်ခုဖြစ်သကဲ့သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသော တံတားဖြစ်သည်။
- ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး သံလွင်မြစ်ကို ကူးတို့ဖြင့် စွန့်စားကူးသန်းရသောဘဝ၊ နယ်မြေမအေးချမ်း၍ သွားလာရမလွယ်ကူသောဘဝမှ ယခုနယ်မြေအေးချမ်းသာယာသောကာလ ဤတံတားကြီးတည်ဆောက်ပြီးချိန်တွင် သံလွင်မြစ်အနောက်ဘက်ခြမ်းမှ အရှေ့ဘက်ခြမ်းနယ်စပ်ဒေသအထိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းမြေ့စွာ သွားလာနိုင်ကြပြီဖြစ်သည်။

22-2 (07).pmd 1 2/22/2012, 2:11 AM

❒ ရှေ့ဖုံးမှ

ကျောက်ချောလမ်းခင်းမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၂၆၂ ဒသမ ၄၅၅) သန်း ဖြစ်ပါကြောင်း။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း မြောင်းမြမြို့နယ်အပိုင်းမှ (၂)ဖာလုံကို ငွေကျပ် (၁၁ ဒသမ ၀၅၅)သန်းဖြင့်လည်းကောင်း၊ အိမ်မဲမြို့နယ်အပိုင်းမှ (၃ ဒသမ ၅)ဖာလုံကို ငွေကျပ်သန်း (၂၀)ဖြင့်လည်းကောင်း စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ကျောက်ချောလမ်းခင်းပေးသွားမည် ဖြစ်ပါကြောင်း။

အိမ်မဲမြို့နယ် မဲဇလီစာဖြူစုနှင့် ကန်ကြီး၊ ကျုံတုံးသို့ ဆက်သွယ်သော ကျေးလက်မြေသားလမ်းသည် လမ်းအရှည် (၂၃) မိုင် (၆)ဖာလုံရှိပြီး မြောင်းမြမြို့နယ်အတွင်း (၄)မိုင် (၆)ဖာလုံနှင့် အိမ်မဲမြို့နယ်အတွင်း (၁၉) မိုင်ရှိပါကြောင်း၊ အဆိုပါလမ်းအား အိမ်မဲမြို့နယ်အတွင်း အိမ်မဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ၂၀၀၈-၂၀၀၉တွင် ကျောက်ချောလမ်း (၄)ဖာလုံနှင့် ၂၀၀၉-၂၀၁၀တွင် ကျောက်ချောလမ်း(၂)ဖာလုံတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း မြောင်းမြမြို့နယ်အပိုင်းမှ(၂)မိုင်ကို ငွေကျပ်သန်း (၈၀)ဖြင့် လည်းကောင်း၊ အိမ်မဲမြို့နယ် အပိုင်းမှ (၁)မိုင်ကို ငွေကျပ်သန်း(၄၀)ဖြင့်လည်းကောင်း စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ကျောက်ချောလမ်းခင်းပေးသွားမည်ဖြစ်ကြောင်းဖြင့် ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှဦးအောင်ငြိမ်း၏ **"ချောက်မြို့နယ် ဝွေးပင်ကျေးရွာအုပ်စု ဝွေးပင်စံပြကျေးရွာ၏ သောက်သုံးရေ အခက်အခဲအား ဖြေရှင်းပေးရန်"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျေးလက်သောက်သုံးရေရရှိရေးလုပ်ငန်းများကို ၂၀၀၀-၂၀၀၁မှ ၂၀၀၉-၂၀၁၀ခုနှစ်အထိ (၁၀) နှစ်စီမံကိန်းရေးဆွဲ၍ ဆောင်ရွက်ပေးခဲ့ရာ တစ်နိုင်ငံလုံး ကျေးရွာပေါင်း (၆၄၃၄၉) ရွာရှိသည့်အနက် ကျေးရွာ (၂၃၂၂၅)ရွာတွင် ရေရရှိရေးလုပ်ငန်းပေါင်း (၃၄၈၅၈)ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

(၁၀)နှစ်စီမံကိန်းတွင်ပါဝင်သည့် ချောက်မြို့နယ်မှ ကျေးရွာပေါင်း (၄၅) ရွာတွင်လည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေ၊ အလှူရှင်လှူဒါန်းငွေနှင့် နိုင်ငံတော်ရန်ပုံငွေ စုစုပေါင်းကျပ် (၂၅၇ ဒသမ ၉၆)သန်းဖြင့် စက်ရေတွင်း (၃၆)တွင်းနှင့် မိုးရေလှောင်ကန် (၃၆)ကန်တို့ကို တူးဖော်ပေးနိုင်ခဲ့ပါကြောင်း။

ချောက်မြို့နယ် ဝွေးပင်စံပြကျေးရွာတွင် အိမ်ခြေ (၂၆၃)၊ လူဦးရေ (၁၅၅၅) ဦးရှိပြီး ၁၉၇၉ခုနှစ်က တူးဖော်ထားသောစက်ရေတွင်းတစ်တွင်းနှင့် မြေသားမိုးရေလှောင်ကန်သုံးကန်ရှိပါကြောင်း၊ စက်ရေတွင်းမှာ ရေထွက်နှုန်း တဖြည်းဖြည်း ကျဆင်းလာသဖြင့် ၂၀၀၈-၂၀၀၉ခုနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြန်လည်ပြုပြင်ပေးခဲ့သော်လည်း ထပ်မံပျက်စီးသွားသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် (၃၆ ဒသမ ၄၇)သန်းဖြင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပြုပြင်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးကျော်ကျော်၏ **"မြောက်ဦးမြို့ ကုန်သည်တန်း ချောင်းကူးတံတားကို ကွန်ကရစ်တိုင်နှင့် အခင်းပျဉ်းကတိုးသစ်မာတို့ဖြင့် အမာခံတံတားအဖြစ်တည် ဆောက်ပေးရန်"** နှင့် **"မြောက်ဦးမြို့ပေါ်ရှိ ဗန္ဓုလတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ကုန်သည်တန်းချောင်းကူးတံတားသည် မြောက်ဦးမြို့ အလယ်ဈေးရပ်ကွက်နှင့် အောင်မင်္ဂလာရပ်ကွက်၊ ဗန္ဓုလအုပ်စုသို့ဆက်သွယ်ထားသည့် အရှည်ပေ (၁၂၀)၊ အကျယ် (၆)ပေ၊ အမြင့် (၁၈)ပေရှိ သစ်သားတံတားဖြစ်ပါကြောင်း၊ အဆိုပါတံတားအား မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆-၂၀၀၇ခုနှစ်နှင့် ၂၀၀၈-၂၀၀၉ ခုနှစ်တို့တွင် အဖွဲ့ရန်ပုံငွေဖြင့် ပြုပြင်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် သဘာဝဘေးအန္တရာယ်ကြောင့် အဆိုပါတံတားပျက်စီးခဲ့ရာ ပြည်သူလူထုနှင့် မြောက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြုပြင်ခဲ့ပါကြောင်း။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း မြောက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ်သန်း (၂၀)ဖြင့် စတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်လုပ်ငန်းများအား နှစ်အလိုက်အစီအမံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဗန္ဓုလတံတားအား ၂၀၀၁-၂၀၀၂ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၂၃ ဒသမ ၁၉၇သန်းဖြင့် အရှည် (၁၄၅) ပေ၊ အကျယ် (၁၄) ပေ၊ အမြင့် (၂၄) ပေရှိ အုတ်ခုံခံသစ်သားတံတားအဖြစ် တည်ဆောက်ပေးခဲ့ပါကြောင်း၊ ၂၀၀၈-၂၀၀၉ ခုနှစ်နှင့် ၂၀၁၁-၂၀၁၂ ခုနှစ်တို့တွင် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ခန့်မှန်းငွေကျပ် သန်း (၂၅၀) ကုန်ကျမည့် သံကူကွန်ကရစ်တံတားအဖြစ် အဆင့်တိုးမြှင့်ဆောက်လုပ်ခြင်းလုပ်ငန်းကို မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ နှစ်အလိုက်အစီအမံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးညဏ်လင်း၏ **"ကျုံပျော်- ရေကြည်-လေးမျက်နှာမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် နတ်စင်ငူ-ရေနက် ချောင်းကူးတံတား တည်ဆောက်ပေးရန်"** နှင့် **"ရေကြည်မြို့နယ် ချင်းကုန်း-ငပိဆိပ် ကျောက်ချောလမ်း ပြီးမြောက်စေရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျုံပျော်မြို့နယ် ဒိုက်ပျက်ကျေးရွာအုပ်စု၊ ဒုတ်ရိုက်ကျေးရွာနှင့် ရေကြည်မြို့နယ် ကျုံပဒုတ်ကျေးရွာအုပ်စု၊ လယ်တီစုကျေးရွာတို့အကြားရှိ ဝါးကပ်ခင်း လူကူးတံတားအား ကျေးရွာအစီအစဉ်ဖြင့် ဆောင်ရွက်ထားရှိပါကြောင်း။

အရှည်ပေ (၂၀၀)ရှိ နတ်စင်ငူ-ရေနက်ချောင်းကူးတံတားတည်ဆောက်ရန် ခန့်မှန်းကုန်ကျငွေကျပ်သန်း (၁၀၀) ခန့်ဖြစ်ရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ကျုံပျော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် သန်း (၃၀)ဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်လုပ်ငန်းများအား နှစ်အလိုက် အစီအမံဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ချင်းကုန်း-ချောင်းဖျား-ငပိဆိပ်လမ်းမှာ ချင်းကုန်းကျေးရွာ (ပုသိမ်-မုံရွာ-လမ်းဆုံ)မှ ငပိဆိပ်ကျေးရွာ (ငဝန်မြစ်ကမ်း)အထိ (၅)မိုင်ရှိပြီး အဆိုပါလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် (၁) မိုင် (၄) ဖာလုံနှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် (၄)ဖာလုံတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ချင်းကုန်း-ငပိဆိပ် ကျောက်ချောလမ်းမှ ကျန်မြေသားလမ်းအပိုင်း သုံးမိုင်ကျောက်ခင်းခြင်းလုပ်ငန်းအတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ်သန်း (၂၀)နှင့် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ်သန်း (၂၀)၊ စုစုပေါင်းသန်း (၄၀)ဖြင့် လမ်းအရှည်(၁)မိုင်အား ကျောက်ချောလမ်းခင်းပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး၏ **"အုတ်ဖိုမြို့နယ်အတွင်းရှိ ခြောက်တင်းကွင်း၊ ကျွဲဖြူမ၊ ရွာရှောင်၊ ဝိုင်းကျေးရွာများ ဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်းများ၊ ဂုံညင်းတန်း၊ ဘုတ်သိုး၊ ဒီးဒူးပင်၊ ကန်သာယာကျေးရွာချင်းဆက်လမ်း"** နှင့် **"ကြက်ဆူတော၊ ထူးချောင်း၊**

ပြန်လည်ဖြေကြား

နယ်စပ်ရေးရာ ဝန်ကြီး ဌာန ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်ဖော်ဝင်း မေး မြန်း ချက်များကို ပြန်လည် ဖြေကြားစဉ်။ (သတင်းစဉ်)

ကင်ပွန်းခြံ၊ အိုးသည်ကုန်းကျေးရွာချင်းဆက်လမ်းများအား ရာသီမရွေးသွားလာနိုင်သည့်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ခြောက်တင်းကွင်း၊ ကျွဲဖြူမ၊ ရွာရှောင်၊ ဝိုင်းကျေးရွာချင်းဆက်လမ်းသည် ၁၉၉၀-၁၉၉၁ခုနှစ်တွင် ဒေသခံပြည်သူများမှ ဆောင်ရွက်ခဲ့သည့် အရှည် (၁၃)မိုင်၊ အကျယ် (၁၀)ပေရှိသော မြေသားလမ်းဖြစ်ပြီး အဆိုပါလမ်းအား ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ်(၁ ဒသမ ၂)သန်းဖြင့် ဂဝံလမ်းပြုပြင်ခြင်း (၅)ဖာလုံ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ် (၁၁ ဒသမ ၄၃၅) သန်းဖြင့် ဂဝံလမ်း(၂)လမ်း အရှည် (၁)မိုင်၊ (၂ ဒသမ ၆)ဖာလုံကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျန်ရှိသည့်(၁၂)မိုင် (၃)ဖာလုံအား ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းအတွက် ငွေကျပ် (၁၃၀ ဒသမ ၃)သန်း ကုန်ကျမည်ဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် (၄ ဒသမ ၄)သန်းဖြင့် လမ်းအရှည် (၃)ဖာလုံအား ဂဝံခင်းပေးသွားမည် ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် မေးမြန်းစဉ်။ (သတင်းစဉ်)

ဂုံညင်းတန်း-ကံသာယာလမ်းသည် အရှည်မိုင်(၅)မိုင်၊ အကျယ် (၁၀)ပေရှိ၍ ဂဝံလမ်း(၂) မိုင် (၆) ဖာလုံ၊ မြေသားလမ်း(၂)မိုင် (၂)ဖာလုံဖြစ်သော်လည်း လက်ရှိလမ်းအခြေအနေမှာ မြေသားလမ်းအဆင့်သာရှိပါကြောင်း၊ အဆိုပါ ဂုံညင်းတန်း-ကံသာယာလမ်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ၁၉၉၈-၁၉၉၉ တွင် ဂဝံလမ်း(၀ ဒသမ ၈၃) ဖာလုံ၊ ၁၉၉၉-၂၀၀၀တွင် ဂဝံလမ်း(၁ ဒသမ ၁၅) ဖာလုံနှင့် ၂၀၁၁-၂၀၁၂ တွင် ဂဝံခင်းပြုပြင်ခြင်း (၆၀၀၀) စတုရန်းပေတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

ဆက်လက်ဆောင်ရွက်

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ်(၁၁ ဒသမ ၄၃၅)သန်းဖြင့် ဂဝံလမ်း(၂)လမ်း၊ အရှည်(၁)မိုင်(၂ ဒသမ ၆)ဖာလုံကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါလမ်းအား ရာသီမရွေးသွားလာနိုင်သည့် လမ်းအဖြစ် အဆင့်မြှင့်တင်ရန် ဂဝံလမ်း(၅)မိုင်ခင်းခြင်းအတွက် ငွေကျပ် (၅၁)သန်း ကုန်ကျမည်ဖြစ်၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ထောက်ပံ့ငွေကျပ်(၅)သန်းဖြင့် အရှည်(၄)ဖာလုံ ဂဝံခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေခွဲဝေချထားမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ကြက်ဆူတော၊ ထူးချောင်း၊ ကင်ပွန်းခြံ၊ အိုးသည်ကုန်းကျေးရွာချင်းဆက်လမ်းသည် ၁၉၉၀-၁၉၉၁ ခုနှစ်၌ ဒေသခံပြည်သူလူထုအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သည့် အရှည်(၇)မိုင်၊ အကျယ်(၁၀)ပေရှိသော မြေသားလမ်းဖြစ်ပါကြောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေကျပ်(၁၂ ဒသမ ၉)သန်းဖြင့် အဆိုပါလမ်းအား ဂဝံလမ်းခင်းခြင်းအရှည်(၁)မိုင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၁-၂၀၁၂ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ်(၁၁ ဒသမ ၄၃၅)သန်းဖြင့် ဂဝံလမ်း(၂) လမ်း အရှည်(၁)မိုင် (၂ ဒသမ ၆)ဖာလုံကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျန်ရှိသည့် မြေသားလမ်း(၆)မိုင်အား ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ဂမုန်းချောင်းကူးသစ်သား တံတားတည်ဆောက်ခြင်းတို့အတွက် ငွေကျပ် (၈၇ ဒသမ ၂)သန်းကုန်ကျမည်ဖြစ်၍ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်တွင် ထောက်ပံ့ငွေကျပ် (၅)သန်းဖြင့် အရှည် (၄) ဖာလုံ ဂဝံခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေခွဲဝေချထားမှုအပေါ်မူတည်၍ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင်၏ **"ကျီခါးမြို့နယ်ခွဲနှင့် ခမ်းပါတ်မြို့နယ်ခွဲတို့အား ချိတ်ဆက်မည့်လမ်းကြမ်းအား ဆက်လက်၍ ဖောက်လုပ်ပေးရန်နှင့် မဏိပူရမြစ်ဖြတ်တံတားတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ချင်းပြည်နယ် ကျီခါးမြို့နယ်ခွဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ခမ်းပါတ်မြို့နယ်ခွဲတို့ကို ဆက်သွယ်သောလမ်းသည် စုစုပေါင်း(၆၅) မိုင်ရှိပြီး ခမ်းပါတ်မြို့နယ်ခွဲအပိုင်း (၂)ဖာလုံ၊ ကျီခါးမြို့နယ်ခွဲအပိုင်း (၆၄)မိုင် (၆)ဖာလုံ ပါဝင်ပါကြောင်း။

အဆိုပါလမ်း (၄၆)မိုင်ကို နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် စစ်မြေပြင်အင်ဂျင်နီယာတပ်မှ တစ်ကြောင်းထိုး မြေလမ်းဖောက်လုပ်ပြီး ဖြစ်ပါကြောင်း၊ မဏိပူရမြစ်ကူးတံတားဆောင်ရွက်ရမည့်တည်နေရာမှာ ကျီခါးမြို့နယ်ခွဲမှ မိုင် (၂၀) အကွာတွင်တည်ရှိပြီး မြစ်အကျယ်ပေ(၂၅၀)ရှိသဖြင့် ခန့်မှန်းအရှည်ပေ(၃၀၀)ရှိသည့် ကြိုးတံတားတည်ဆောက်ရန်လိုအပ်ပါကြောင်း၊ လမ်းဖောက်လုပ်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် မဏိပူရမြစ်ကူးတံတား တည်ဆောက်ရေးနှင့်ပတ်သက်၍ ချင်းပြည်နယ်အစိုးရမှ ကွင်းဆင်းလေ့လာစေပြီး တွေ့ရှိချက်နှင့် ဖြစ်နိုင်ခြေတို့အပေါ် မူတည်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီသို့ နိုင်ငံတော်၏ ထောက်ပံ့ငွေရရှိရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာခြင်းအပေါ် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့က အခန်း(၄) ပုဒ်မ ၁၀(က)အပိုဒ်ခွဲငယ် ၄၊ အခန်း(၆) ပုဒ်မ ၁၆(ခ)၊ (ဂ)၊ အခန်း(၇) ပုဒ်မ ၂၁၊ အခန်း(၁၀) ပုဒ်မ ၃၃ တို့ကို ထောက်ခံဆွေးနွေးသည်။

အဆိုပါဆွေးနွေးချက်နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင် ရွက်ရန် လွှတ်တော်က ဆုံးဖြတ်သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးမြင့်ထွန်းက **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

အကြံပြုတင်ပြ

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစံပြည့်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးငွေးဝင်း(ခ) ဦးဇာယာဒ်ရော်မ်နှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေတို့က Investment Law များ မည်မျှမှန်ကန် ကောင်းမွန်သည်ဖြစ်စေ Legal System လည်း ကောင်းရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် လုပ်ထုံးလုပ်နည်းများသည် ကာလကြာမြင့်လာပြီဖြစ်ကြောင်း၊ လက်ရှိခေတ်စနစ်နှင့် လိုက်လျောညီထွေမှု မရှိတော့ပါကြောင်း၊ သို့ပါ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး ပိုမိုပြည့်စုံကောင်းမွန်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ(မူကြမ်း)ကို အခန်း(၁၉)ခန်း၊ ပုဒ်မပေါင်း (၄၇)ခုဖြင့် ပြုစုခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံရန် နိုင်ငံအများ စိတ်ဝင်စားမှုရှိနေကြပါကြောင်း၊ မှန်မှန်ကန်ကန် ရင်းနှီးမြှုပ်နှံလိုသူရှိသကဲ့သို့ မမှန်မကန်သည့်နည်းလမ်းဖြင့် အခွင့်အလမ်းရှာ အခွင့်အရေးယူလိုသည့်သူများလည်း ရှိလာနိုင်ပါကြောင်း၊ ကော်မရှင်၏လုပ်ငန်းတာဝန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် မျက်ခြည်မပြတ် Monitor ပြုလုပ်သည့်စနစ်ထားရှိဆောင်ရွက်သွားရန် အချက်တစ်ချက်ကို ဖြည့်စွက်ပေးနိုင်ပါရန် အကြံပြုတင်ပြလိုပါကြောင်းဖြင့် ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်က ဆုံးဖြတ်သည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ တင်သွင်းထားသည့် **"အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်၍ အခြေခံပညာ/အဆင့်မြင့်ပညာ ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများ၊ ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအား နိုင်ငံတစ်ဝန်းကျင်းပလျက် မျိုးဆက်သစ် ရွက်ပုန်းသီးအားကစားသမားများကိုမွေးထုတ်ကာ ကြိုတင်ရွေးချယ်စခန်းသွင်းလေ့ကျင့်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနုတို့က ၂၀၁၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်၍ အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ကျင်းပရေး၊ ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို လူရွေးချယ်ရန်အတွက် ကျင်းပပေးရန် လိုအပ်ပါကြောင်း၊ မြန်မာ့အားကစားတစ်ခေတ်ဆန်းသစ်ထူထောင်ရန် လိုအပ်ပါကြောင်း၊ ဆရာ၊ တပည့် မျက်နှာမလိုက်ဘဲ အဂတိတရားကင်းရှင်းစွာနှင့် မှန်မှန်ကန်ကန်ရွေးချယ်မှုသာ အောင်မြင်မှုပန်းတိုင်သို့ ရောက်မည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးများ ၎င်းတို့အသက်အရွယ်အပိုင်းအခြားအလိုက် ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားစေရန် ဝါသနာပါအားကစားတစ်ခု ဆောင်ရွက်နိုင်ရန်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ အားကစားနည်းနယ်ပယ်အသီးသီးတွင် ရေရှည်ပေါ်ထွန်းရေးအတွက် နိုင်ငံတစ်ဝန်းရှိ မျိုးဆက်သစ် ရွက်ပုန်းသီးအားကစားသမားများ မွေးထုတ်၍ ကြိုတင်ရွေးချယ် စခန်းသွင်းလေ့ကျင့်သွားရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဖော်ဆောင်သင့်ပါကြောင်းဖြင့် အကြံပြုဆွေးနွေးကြသည်။

စခန်းသွင်းလေ့ကျင့်

အဆိုနှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက အားကစားဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထိုက်တန်စွာ အောင်မြင်မှုရရှိစေရေးအတွက်ရည်ရွယ်၍ မဏ္ဍိုင်(၅)ရပ်ပုံစံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမမဏ္ဍိုင်အဖြစ် အားကစားအဖွဲ့ချုပ်အသီးသီးတွင် ရွေးချယ်ထားသော ပဏာမလက်ရွေးစင်အားကစားသမားများကို စခန်းသွင်းလေ့ကျင့်ပေးခြင်း။

ဒုတိယမဏ္ဍိုင်အဖြစ် နှစ်စဉ်ကျင်းပပေးလျ
ဒေသကြီးအားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာန ပေ
တံခွန်စိုက်အားကစားပြိုင်ပွဲများနှင့် Champio
အကြိမ်ပြိုင်ပွဲကို ကျင်းပ၍ ရွေးချယ်ရရှိထာ
မျိုးဆက်သစ်အားကစားသမားများကို စခန်းသွ

တတိယမဏ္ဍိုင်အဖြစ် အလားအလာရှိသ
သမားများကို စနစ်တကျရွေးချယ်ကာ အားက
အခြေခံနှင့် ခေတ်မီအားကစားနည်းစနစ်များ၊
ကွန်ပျူတာ၊ Language Lab နှင့် ကိုယ်ရည်ကိုပ
ပေးခြင်း။

စတုတ္ထမဏ္ဍိုင်အဖြစ် ပြည်နယ်နှင့်တိုင်းဒေ
ပေါင်းစုံ အားကစားပြိုင်ပွဲ၊ အထက်မြန်မာ
တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံအားကစား
အားကစားသမားများကို ရွေးချယ်စခန်းသွင်းလေ

ပဉ္စမ မဏ္ဍိုင်အဖြစ် ကျင်းပလျက်ရှိသည့် တ
အားကစားပြိုင်ပွဲများမှ အလားအလာရှိသည့်
ရွေးချယ်စခန်းသွင်းလေ့ကျင့်ပေးခြင်းများ ဆော

အဆိုပါ မဏ္ဍိုင် (၅)ရပ်ဖြင့် ရွေးချယ်စခန်း
သမားများကို ရန်ကုန်မြို့ရှိ အားကစားအဖွဲ့ချုပ် ဧ
နေပြည်တော်တွင်လည်း လေ့ကျင့်ရေးစခန်းဖွ
ကြောင်း၊ လယ်ဝေးမြို့နယ် အားကစားကွင်းတွင်
thetic Track ပြေးလမ်းနှင့် အားကစားရုံများ၊
ဖူဆယ်၊ ကြက်တောင်၊ လက်ဝှေ့၊ ရိုးရာ(မွေ)၊ ပြေ
နည်းများအတွက် အားကစားကွင်း/ရုံများ Mou
တွင် Mountain Bike, BMX, Down Hill စက်
တွင် လှေလှော်အားကစားနေရာများကို တည်

လေ့ကျင့်စခန်းအသီးသီးတွင် ခေတ်မီ
ခေတ်မီအားကစားအထောက်အကူပစ္စည်းများ၊
ဖြင့် ပြင်းပြင်းထန်ထန်လေ့ကျင့်ပေးခြင်း၊ အားက
စိတ်ပညာဖြင့် လေ့ကျင့်မှုတိုးတက်စေရန် ပံ့ပိုး
မူတည်၍ လုံလောက်သော အာဟာရ၊ ဆေးဝါး၊
ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

စီမံဆောင်ရွက်

လေ့ကျင့်မှုအရှိန်အဟုန်ရလာချိန်တွင် ပြည်
ခြင်း၊ ပြည်ပမှ လေ့ကျင့်ဘက် အားကစားသမာ
လေ့ကျင့်မှုအရည်အသွေး ဆန်းစစ်နိုင်ရေးအတွက်
ခြင်း၊ ပြည်ပပြိုင်ပွဲများကို သွားရောက်ယှဉ်ပြိုင်
အတွက်လည်း စီမံဆောင်ရွက်ထားပြီး ဖြစ်ပါ

ထို့အပြင် အားကစားသမားများ စိတ်ဓာတ်
ဆုကြေးငွေကိစ္စများကို စီစဉ်ထားပြီးဖြစ်ပါကြော

ပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံအဖြစ် ထိုက်တန်
အတွက် အထက်ပါအတိုင်း ဘက်ပေါင်းစုံမှ ကြိုး
ရှိသည့်နည်းတူ ပြိုင်ပွဲကြီးအောင်မြင်စွာ လက်ခံ
ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ
မှ ဦးဆောင်ကော်မတီနှင့် ဆပ်ကော်မတီများကို
ပြင်ဆင်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်နေ

ပြိုင်ပွဲကျင်းပချိန်တွင် ပါဝင်ခွင့်ရရှိရန်အတ
မွေးထုတ်ပေးနိုင်ရေး၊ ရွေးချယ်လေ့ကျင့်မှုများကို
မီဆက်ဆံရေး၊ လုပ်အားပေးလူငယ်များ
လျှောက်လွှာခေါ်ယူ၍ အရည်အချင်းစစ်ရွေးချယ်မှ
နေပြီဖြစ်ပါကြောင်း၊ ယခုအဆိုမှာ အားကစားဝန်
အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းမျ
လွှတ်တော်မှ မှတ်တမ်းတင်ပေးနိုင်ပါရန် ရှင်းလ

ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆိုတင်သွင်း
လွှတ်တော်က အဆိုအဖြစ် မှတ်တမ်းတင်ကြော

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ
အဝေး ဆဋ္ဌမနေ့ကို ညနေ ၄ နာရီတွင် ရပ်နာ

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသ
ဦးသန်းဆွေ၏ စာအုပ်(၇၅)အုပ် လှူဒါန်းခြင်း
တနင်္သာရီတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တေ
ကြည့်တိုက်အတွက် အလှူငွေလှူဒါန်းခြင်းကို
(၆)ခုကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖော်ဝင်းက
ဥပဒေကြမ်း (၂)ခု ဆွေးနွေးခြင်းနှင့် အဆို(
မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း

● ကျောဖုံးမှ

တည်ဆောက်ခြင်းကို ယခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ အလုံမြစ်ကျော် အပါအဝင် လှိုင်သာယာ-အလုံ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းကို ဇန်နဝါရီ ၂၄ရက်တွင် ဓာတ်အားလွှတ်တင်ခဲ့ပြီး အလုံပင်မဓာတ်အားခွဲရုံတွင် ၂၃၀ ကေဗွီဓာတ်အားကို အောင်မြင်စွာ လက်ခံနိုင်ခဲ့ကာ ရန်ကုန်မြို့တွင်းနှင့် ပတ်ဝန်းကျင်မြို့နယ်များသို့ ၆၆ ကေဗွီဓာတ်အားလိုင်း၊ ၃၃ ကေဗွီ ဓာတ်အားလိုင်းများဖြင့် ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ထိုသို့ အလုံပင်မဓာတ်အားခွဲရုံကို တည်ဆောက်နိုင်ခဲ့သဖြင့် ကမာရွတ်မြို့နယ်၊ အလုံမြို့နယ်၊ လမ်းမတော်မြို့နယ်နှင့် လသာမြို့နယ်များသို့ ဓာတ်အား ကောင်းမွန်တည်ငြိမ်စွာ

ဖြန့်ဖြူးဓ
ပြောကြ
ယင်
ဒေသကြီ
အမှာစက

စ

ဆက
ဒေသကြီ
ဝန်ကြီးဌ
မြန်မာ့လျ
ဦးဆော
မောင်ဓေ
လျှပ်စစ်
ဥက္ကဋ္ဌ
ကေဗွီ အ
ကို
ရန်ကုန်
ပင်မဓာ
ကို စက်

ဒုတိယမဏ္ဍိုင်အဖြစ် နှစ်စဉ်ကျင်းပပေးလျက်ရှိသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာန ပေါင်းစုံပါဝင်သော အမျိုးသားတံခွန်စိုက်အားကစားပြိုင်ပွဲများနှင့် Champion Challenge Cup ပထမအကြိမ်ပြိုင်ပွဲကို ကျင်းပ၍ ရွေးချယ်ရရှိထားသောအလားအလာရှိသည့် မျိုးဆက်သစ်အားကစားသမားများကို စခန်းသွင်း လေ့ကျင့်ပေးခြင်း။

တတိယမဏ္ဍိုင်အဖြစ် အလားအလာရှိသည့် မျိုးဆက်သစ်အားကစားသမားများကို စနစ်တကျရွေးချယ်ကာ အားကစားနှင့်ကာယသိပ္ပံများတွင် အခြေခံနှင့် ခေတ်မီအားကစားနည်းစနစ်များ၊ ပညာရေးသင်ခန်းစာများ၊ ကွန်ပျူတာ၊ Language Lab နှင့် ကိုယ်ရည်ကိုယ်သွေးမြင့်မားရေး သင်ကြားပေးခြင်း။

စတုတ္ထမဏ္ဍိုင်အဖြစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ၊ အထက်မြန်မာပြည်/ အောက်မြန်မာပြည် တက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲများမှ မျိုးဆက်သစ်အားကစားသမားများကို ရွေးချယ်စခန်းသွင်းလေ့ကျင့်ပေးခြင်း။

ပဉ္စမ မဏ္ဍိုင်အဖြစ် ကျင်းပလျက်ရှိသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများမှ အလားအလာရှိသည့် အားကစားသမားများကို ရွေးချယ်စခန်းသွင်းလေ့ကျင့်ပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အဆိုပါ မဏ္ဍိုင် (၅)ရပ်ဖြင့် ရွေးချယ်စခန်းသွင်းထားသော အားကစားသမားများကို ရန်ကုန်မြို့ရှိ အားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းများသာမက နေပြည်တော်တွင်လည်း လေ့ကျင့်ရေးစခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လယ်ဝေးမြို့နယ် အားကစားကွင်းတွင်နိုင်ငံတကာအဆင့်မီ Synthetic Track ပြေးလမ်းနှင့် အားကစားရုံများ၊ ဇမ္ဗူသီရိအားကစားဇုန်တွင် ဖူဆယ်၊ ကြက်တောင်၊ လက်ဝှေ့၊ ရိုးရာ(မွေ့)၊ ပြေးခုန်ပစ်၊ မြားပစ်၊ အားကစားနည်းများအတွက် အားကစားကွင်း/ရုံများ Mount Pleasent Hotel အနီးတွင် Mountain Bike, BMX, Down Hill စက်ဘီးကွင်းများနှင့် ငလိုက်ဆည်တွင် လှေလှော်အားကစားနေရာများကို တည်ဆောက်လျက်ရှိပါကြောင်း။

လေ့ကျင့်စခန်းအသီးသီးတွင် ခေတ်မီအားကစားနည်းစနစ်များကို ခေတ်မီအားကစားအထောက်အကူပစ္စည်းများ၊ ပြည်တွင်းပြည်ပနည်းပြများဖြင့် ပြင်းပြင်းထန်ထန်လေ့ကျင့်ပေးခြင်း၊ အားကစားဆေးပညာ၊ အားကစားစိတ်ပညာဖြင့် လေ့ကျင့်မှုတိုးတက်စေရန် ပံ့ပိုးပေးခြင်း၊ လေ့ကျင့်မှုအပေါ်မူတည်၍ လုံလောက်သော အာဟာရ၊ ဆေးဝါး၊ ဝတ်စုံများ၊ ထောက်ပံ့ငွေများ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

စီမံဆောင်ရွက်

လေ့ကျင့်မှုအရှိန်အဟုန်ရလာချိန်တွင် ပြည်ပ၌သွားရောက်ပူးတွဲလေ့ကျင့်ခြင်း၊ ပြည်ပမှ လေ့ကျင့်ဘက် အားကစားသမားများ ငှားရမ်းလေ့ကျင့်ခြင်း၊ လေ့ကျင့်မှုအရည်အသွေး ဆန်းစစ်နိုင်ရေးအတွက် ဖိတ်ခေါ်ပြိုင်ပွဲများ ကျင်းပခြင်း၊ ပြည်ပပြိုင်ပွဲများကို သွားရောက်ယှဉ်ပြိုင်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း စီမံဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း။

ထို့အပြင် အားကစားသမားများ စိတ်ဓာတ်မြှင့်တင်နိုင်ရေးအတွက်လည်း ဆုကြေးငွေကိစ္စများကို စီစဉ်ထားပြီးဖြစ်ပါကြောင်း။

ပြိုင်ပွဲတွင် အိမ်ရှင်နိုင်ငံအဖြစ် ထိုက်တန်စွာ အောင်မြင်မှုရရှိစေရန်အတွက် အထက်ပါအတိုင်း ဘက်ပေါင်းစုံမှ ကြိုးပမ်းပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်နည်းတူ ပြိုင်ပွဲကြီးအောင်မြင်စွာ လက်ခံကျင်းပနိုင်ရန်အတွက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းပေးထားပြီး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ပြိုင်ပွဲကျင်းပချိန်တွင် ပါဝင်ခွင့်ရရှိရန်အတွက် အဆင့်မီ ဒိုင်/ဂျူရီများ မွေးထုတ်ပေးနိုင်ရေး၊ ရွေးချယ်လေ့ကျင့်မှုများကိုလည်းကောင်း၊ အရည်အချင်းမီဆက်ဆံရေး၊ လုပ်အားပေးလူငယ်များ မွေးထုတ်ပေးနိုင်ရေးအတွက် လျှောက်လွှာခေါ်ယူ၍ အရည်အချင်းစစ်ရွေးချယ်မှုများကိုလည်းကောင်း ပြုလုပ်နေပြီဖြစ်ပါကြောင်း၊ ယခုအဆိုမှာ အားကစားဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများသာဖြစ်ပါသဖြင့် အဆိုအားလွှတ်တော်မှ မှတ်တမ်းတင်ပေးနိုင်ပါရန် ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆိုတင်သွင်းသူက သဘောတူညီသဖြင့် လွှတ်တော်က အဆိုအဖြစ် မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ညနေ ၄ နာရီတွင် ရပ်နားလိုက်သည်။

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းဆွေ၏ စာအုပ်(၇၅)အုပ် လှူဒါန်းခြင်းအတွက် မှတ်တမ်းတင်ခြင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက စာကြည့်တိုက်အတွက် အလှူငွေလှူဒါန်းခြင်းကို မှတ်တမ်းတင်ခြင်း၊ မေးခွန်း (၆)ခုကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ပြန်လည်ဖြေကြားခြင်း၊ ဥပဒေကြမ်း (၂)ခု ဆွေးနွေးခြင်းနှင့် အဆို(၁)ခုအား ဆွေးနွေးခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H. E. Mr. Yaron Mayer ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား အစ္စရေးသံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H. E. Mr. Yaron Mayer ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအကြားစိုက်ပျိုးရေးကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသ (Dry Zone) ရေတင်စနစ် လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေး အထူးဇုန်များအား (B.O.T) စနစ်ဖြင့် ရင်းနှီးမြှုပ်နှံအကောင်အထည်ဖော်ရေးနှင့် နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးခံစားသည့် စနစ်ဖြင့်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြပြီး အစ္စရေးသံအမတ်ကြီးနှင့်အတူ ရေအရင်းအမြစ်ဆိုင်ရာ Noise FREE Co., Ltd. မှ Board of Chairman Mr. Uri Raha min နှင့် S & t Ianka Investment မှ ပညာရှင် Mr.Isreal teliblum တို့လည်း တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အစ္စရေးသံအမတ်ကြီးတို့သည် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုရှိ တောင်သူပညာပေး ဧက ၅၀၀ စိုက်ကွင်းသို့ရောက်ရှိကြပြီး စိုက်ကွင်းအတွင်း၌ Green House System ဖြင့် စိုက်ပျိုးပြသထားသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းအလှပင်များကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်ပျိုးခင်းသို့ ရောက်ရှိပြီး အစ္စရေးနှင့် မြန်မာစိုက်ပျိုးရေး ပညာရှင်များ စိုက်ပျိုးပြုစုထားသော ပျိုးခြံအတွင်း ဖြစ်ထွန်းအောင်မြင်နေသော ပျိုးပင်များကိုလည်းကောင်း၊ တောင်သူပညာပေး စားဖိုဆောင်သီးနှံ ဘူးစင်များ၊ ခရမ်းသီးပင်၊ ငရုတ်ပင်များ၊ ပြောင်းခင်းများ၊ ပန်းဂေါ်ဖီစိုက်ခင်းများ၊ ပြောင်းချိုစိုက်ခင်းများတစ်ဆက်တစ်စပ်တည်း ခေတ်မီစနစ်ဖြင့် စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့သန့်စင်စက်၊ မျိုးစေ့အရောင်ဆိုးစက်၊ မျိုးစေ့ထုပ်ပိုးစက်များနှင့် မျိုးစေ့များ တောင်သူလက်ဝယ် ဖြန့်ဖြူးရန် ဂိုဒေါင်အတွင်း စနစ်တကျသိုလှောင်ထိန်းသိမ်းထားရှိမှုများကိုလည်းကောင်းကြည့်ရှုကြပြီး အစ္စရေးကုမ္ပဏီများ လက်တွေ့ကျသော လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ရန် မြန်မာနိုင်ငံ၌ လာရောက် အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ ကြီးမှူး၍ ၂၀၁၂ ခုနှစ် မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲ (Myanmar Open Championships 2012) ကို မတ်လ ၁ ရက်မှစ၍ မတ်လ ၆ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲ၌ အမျိုးသားတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက် (၃၅)နှစ်နှင့် အထက်တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား (၄၅)နှစ်နှင့် အထက် တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား(၅၅)နှစ်နှင့် အထက် တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၆၀)နှစ်နှင့်အထက် တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

ပြိုင်ပွဲ၌ အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF) က ချမှတ်ထားသော စည်းမျဉ်းဥပဒေအတိုင်း ကျင့်သုံးမည်ဖြစ်ပြီး ပြိုင်ပွဲတစ်လျှောက်လုံးတွင် Wilson ဘောလုံးတစ်မျိုးတည်းကိုသာအသုံးပြုမည်ဖြစ်သည်။ ပြိုင်ပွဲတိုင်း၌ တစ်ဦးချင်းပြိုင်ပွဲဝင်ကြေးငွေကျပ် ၁၀၀၀ နှင့် နှစ်ယောက်တွဲပြိုင်ပွဲတွင် ငွေကျပ် ၂၀၀၀ ဖြစ်ပြီး နိုင်ငံခြားသားများသည် တစ်ဦးချင်းပြိုင်ပွဲအတွက် အမေရိကန်ဒေါ်လာ ငါးဒေါ်လာနှင့် နှစ်ယောက်တွဲပြိုင်ပွဲအတွက်မူ အမေရိကန်ဒေါ်လာ ၁၀ဒေါ်လာ သတ်မှတ်ထားသည်။

မေးမြန်းနိုင်

ယင်းပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများသည် ဖေဖော်ဝါရီ ၂၉ ရက် မွန်းတည့် ၁၂ နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် (သိမ်ဖြူတင်းနစ်ကွင်း)သို့ စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ဖုန်း-၀၁-၃၇၂၃၆၀၊ ၃၈၁၉၉၁ နှင့် ၃၈၁၉၉၂ လိုင်းခွဲ(၀) တို့သို့ မေးမြန်းနိုင်ကြကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

● ကျောက်ဖုံးမှ

တည်ဆောက်ခြင်းကို ယခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ အလုံမြစ်ကျော်အပါအဝင် လိုင်းသာယာ-အလုံ ၂၃၀ ကေဗွီ ဓာတ်အားလိုင်းကို ဇန်နဝါရီ ၂၄ရက်တွင် ဓာတ်အားလွှတ်တင်ခဲ့ပြီး အလုံပင်မဓာတ်အားခွဲရုံတွင် ၂၃၀ ကေဗွီဓာတ်အားကို အောင်မြင်စွာ လက်ခံနိုင်ခဲ့ကာ ရန်ကုန်မြို့တွင်းနှင့် ပတ်ဝန်းကျင်မြို့နယ်များသို့ ၆၆ ကေဗွီဓာတ်အားလိုင်း၊ ၃၃ ကေဗွီဓာတ်အားလိုင်းများဖြင့် ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ထိုသို့ အလုံပင်မဓာတ်အားခွဲရုံကို တည်ဆောက်နိုင်ခဲ့သဖြင့် ကမာရွတ်မြို့နယ်၊ အလုံမြို့နယ်၊ လမ်းမတော်မြို့နယ်နှင့် လသာမြို့နယ်များသို့ ဓာတ်အား ကောင်းမွန်တည်ငြိမ်စွာ ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကား ပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ထွန်းဦး၊ မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဇော်နှင့် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခိုင်တို့က ၂၃၀ ကေဗွီ အလုံပင်မဓာတ်အားခွဲရုံမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပင်မဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ၂၃၀ ကေဗွီ ၂၀၀ အမ်ဗွီအေ အလုံပင်မဓာတ်အားခွဲရုံ ဆွစ်ယာဒ်နှင့် ထိန်းချုပ်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

အမြင့်ဆုံးတာဝါတိုင်

ယခုဖွင့်လှစ်လိုက်သော ဓာတ်အားခွဲရုံသည် ကြီးမားသော ၁၀၀ အမ်ဗွီအေ သရီးဖေ့စ်ထရန်စဖော်မာ နှစ်လုံးဖြင့် တည်ဆောက်ခဲ့သည့် ပထမဦးဆုံး ဓာတ်အားခွဲရုံဖြစ်ပြီး မကြာမီဖွင့်လှစ်မည့် မန္တလေးမြို့ မြောက်ပြင်ပင်မဓာတ်အားခွဲရုံသည်လည်း ယခုကဲ့သို့ တည်ဆောက်ထားခြင်း ဖြစ်ကြောင်း၊ မြစ်ကျော်တာဝါတိုင်သည်လည်း မြန်မာပြည်တွင် အမြင့်ဆုံး လျှပ်စစ်တာဝါတိုင်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ကမ္ဘာသို့ပါကျော်ကြားသည့် လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်၏ နှစ်(၂၆၀၀) ပြည့် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

လှည့်လည်အပူဇော်ခံ

ရွှေတိဂုံစေတီတော်တွင်ဌာပနာမည့် ဆံတော်မြတ်များအား ပင့်ဆောင်ခဲ့ရာ၌ ပင့်ဆောင်ရာလမ်းတစ်လျှောက်ရှိ ဒေသများတွင် ဆံတော်ကြိုစေတီများတည်ထားပူဇော်ခဲ့သည်။ ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ပွဲတော်ကျင်းပရာ၌ ဆံတော်ကြိုစေတီများ တည်ထားရာဒေသများဖြစ်သည့် ကွမ်းခြံကုန်းမြို့နယ်၊ ကော့မှူးမြို့နယ်၊ တွံတေးမြို့နယ်အတွင်းရှိ ဆံတော်ကြိုစေတီများနှင့် ရန်ကုန်မြို့ရှိ ဆံတော်ကြိုစေတီတစ်ဆူဖြစ်သည့် ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတို့၌ ရွှေတိဂုံစေတီတော် ပုံတူရွှေသားစေတီ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေသင်္ကန်းတော်များအား ပွဲတော်အကြိုကာလဖြစ်သည့် ဖေဖော်ဝါရီ ၁၁ ရက်မှ ၂၁ ရက်အထိ လှည့်လည်အပူဇော်ခံခဲ့သည်။

နှစ်(၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်၌ ပျော်ပွဲရွှင်ပွဲများကိုလည်း ထည့်သွင်းထားရာ တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့ (ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၇ ရက်)အထိ ရွှေတိဂုံစေတီတော်ပရိဝုဏ် ထန်းပင်ကုန်းကွင်း၊ ခေတ္တ ရာကွင်းနှင့် အနောက်ကားကွင်းတို့၌ ရုပ်သေး၊ သီရိရာမဇာတ်၊ ရုပ်ရှင်၊ အငြိမ့်နှင့် ခြင်းလုံးခတ်ပွဲများ၊ ရွှေတိဂုံစေတီတော် သမိုင်းပြဇာတ်များ ကပြဖျော်ဖြေမည် ဖြစ်သည်။

အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲ၊ ဓမ္မဒေသနာတော်များ ရွတ်ဆိုပူဇော်ပွဲနှင့် ဓမ္မကထိကဆရာတော်ကြီးများ၏ တရားပွဲများကိုလည်း ကျင်းပသွားမည် ဖြစ်သည်။ ထေရဝါဒတရားအလှူပွဲအဖြစ် ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၇ ရက်အထိ ၁၅ ရက်တိုင် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်အနီး တပ်မတော်ဓမ္မာရုံ၌ ညစဉ် ည ၇ နာရီခွဲတွင် တရားပွဲများ ကျင်းပသွားမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၂၅ ရက်တွင် သံဃာတော်အပါး ၂၆၀၀ ဖြင့် စေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်လျှုပြီး ဆွမ်းဆန်တော်လောင်းလှူကြမည်ဖြစ်သည်။

ယနေ့ညပိုင်းတွင် ရွှေတိဂုံစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ရွှေတိဂုံစေတီတော်နှင့် အရံစေတီများ၊ တန်ဆောင်းများ၌ လျှပ်စစ်မီးအလှများ မြိုင်မြိုင်ဆိုင်ဆိုင် ထွန်းညှိပူဇော်ထားသည်ကိုလည်း တွေ့ရသည်။ စေတီတော်ရင်ပြင်၌ နှစ်(၂၆၀၀)ပြည့် အထိမ်းအမှတ် အမှတ်တရအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူအားပေးသူများ အထူးများပြားသည်ကို တွေ့ရသည်။ **(သတင်းစဉ်)**

ရွှေတိဂုံစေတီတော် နှစ် (၂၆၀၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်၌ အမှတ်တရအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဂေါက်သီးရိုက်ပြိုင်ပွဲ ရွှေကျင်မြို့၌ ကျင်းပ

ရွှေကျင် ဖေဖော်ဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ရွှေကျင်မြို့နယ်တွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရွှေခေတ်တိုးတက်ရေး ရွှေနှင့်သတ္တုတူးဖော်ရေးကုမ္ပဏီတို့ ပူးပေါင်း၍ ဂေါက်သီးရိုက်ပြိုင်ပွဲကို ရွှေကျင်မြို့နယ်ရွှေကျင်ဂေါက်ကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက်ကကျင်းပရာ ပြိုင်ပွဲတွင် ဌာနဆိုင်ရာ အကြီးအကဲများ၊ လုပ်ငန်းရှင်များ၊ ဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ဝဲပုံ) (၀၀၁)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဝေါမြို့နယ် ဝေါ-စိုင်တီစုကျေးရွာ ဂဝံလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ယု၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးတို့ လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဟောင်ပိတ်အားကစားသတင်း

ချန်ပီယံလိဂ် (၂၂-၂-၂၀၁၂)

CSKA	- တစ်ဂိုး
ရီးရဲမက်ဒရစ်	- တစ်ဂိုး

မြို့ပြနှင့်ဒေသစီမံကိန်းဆိုင်ရာ အသိအမြင်ဖွံ့ဖြိုးရေးသင်တန်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် UN-Habitat တို့၏ နားလည်မှုစာချွန်လွှာပါ စီမံကိန်း(၁)၊ စွမ်းရည်ပြုစုပျိုးထောင်ရေးလုပ်ငန်း၊ မြို့ပြနှင့်ဒေသစီမံကိန်းဆိုင်ရာ အသိအမြင် ဖွံ့ဖြိုးရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေးနိုင်ငံ သံအမတ်ကြီး H.E. Mrs. Katja Christina Nordgaard နှင့် UN-Habitat မှ ဌာနေကိုယ်စားလှယ် Mr. Srinivasa Popuri တို့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ လည်းကောင်း၊ မြို့ပြဖွံ့ဖြိုးရေးသုတေသနဌာန အကြံပေးပုဂ္ဂိုလ် Mr. Madhab Mathema ကသင်တန်းတွင် ပို့ချမည့်ဘာသာရပ်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယနေ့ဖွင့်လှစ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် UN- Habitat တို့၏ နားလည်မှုစာချွန်လွှာပါ စီမံကိန်း(၁)၊ စွမ်းရည်ပြုစုပျိုးထောင်ရေးလုပ်ငန်း၊ မြို့ပြနှင့်ဒေသစီမံကိန်းဆိုင်ရာ အသိအမြင်ဖွံ့ဖြိုးရေးသင်တန်းသို့တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဌာနဆိုင်ရာအရာရှိ သင်တန်းသား သင်တန်းသူ ၂၅ ဦး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ သင်တန်းသား သင်တန်းသူငါးဦး စုစုပေါင်းသင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းနေ ဖခင် ဦးတင်ဦး၏ (၇၇)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် ဦးခင်လှိုင်ထွဏ်း-(ဒေါ်ခင်မာဝေ) မိသားစုတို့က ထာဝရဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ် လှူဒါန်းစဉ်။ (ဝ၉၉)

တာချီလိတ်မြို့တွင် ကတ္တရာလမ်းသစ်ဖွင့်

တာချီလိတ် ဖေဖော်ဝါရီ ၂၁

တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက်၊ ကွက်သစ်(၁၆)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၈ နာရီက အဆိုပါလမ်းထိပ် မုခ်ဦး၌ကျင်းပသည်။

အခမ်းအနားတွင် အမှုဆောင်အရာရှိ ဦးကိုကိုက အထိမ်းအမှတ်အလံငယ်များကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်နှင့်တာဝန်ရှိသူများထံ ပေးအပ်သည်။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီး ဦးတူးမောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် အမှုဆောင်အရာရှိ ဦးကိုကိုတို့က လမ်းသစ်ကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကတ္တရာလမ်းသစ်သည် အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေရှိပြီး စုစုပေါင်းငွေကျပ်သိန်း ၈၀ ဖြင့်ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အပြည်ပြည်ဆိုင်ရာနှင့် မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မွန်ပြည်နယ် စစ်တုရင်အားကစားဆပ်ကော်မတီနှင့် မော်လမြိုင်စစ်တုရင်ကလပ်အသင်းကကြီးမှူး၍ ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာနှင့် မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ စစ်တုရင်ကလပ် (M-C-A) ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်မှ ဖေဖော်ဝါရီ ၁၂ ရက်အထိ လေးရက်တိုင်တိုင် ကျင်းပရာ အမျိုးသားအလွတ်တန်း (အပြည်ပြည်ဆိုင်ရာ)အငယ်တန်း ၁၈ နှစ်အောက် လူငယ်နှင့် အမျိုးသမီး မြန်မာ့ရိုးရာစစ်တုရင် အလွတ်တန်းတစ်ဦးချင်း ယှဉ်ပြိုင်ခဲ့ကြသည်။

ဆုပေးပွဲတွင် မွန်ပြည်နယ်စစ်တုရင်ဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စား ကလပ်အသင်းဥက္ကဋ္ဌ ဦးအောင်မြိုင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းလွင်၊ အတွင်းရေးမှူး ဦးမင်းလွင်နှင့် ကလပ်အသင်းအမှုဆောင်တို့က အပြည်ပြည်ဆိုင်ရာ အငယ်တန်းစစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရ မငြိမ်းဇူလိုင်မိုး၊ မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရ မောင်အောင်မင်းခန့်နှင့် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါကလပ်အသင်းသည် မတ်လ ၂၇ ရက်တွင် ကျရောက်မည့် (၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်တုရင်ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(၁၀၇)**

ဘိန်းခင်း ၅၅၄၂၉ ဧကကျော် ဖျက်ဆီးပြီးဖြစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

၂၀၁၁-၂၀၁၂ ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများကို ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ငါးလတာကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဘိန်းခင်းစုစုပေါင်း ၅၃၉၅၉ ဒသမ ၆၁ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်သည်။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဘိန်းခင်းဖျက်ဆီးနိုင်မှုမှာ ရှမ်းပြည်နယ် ဟိုပုံးမြို့နယ်အတွင်း ၅၇၈ ဧက၊ မိုင်းကိုင်မြို့နယ်အတွင်း ၄၀၇ ဒသမ ၅ ဧက၊ လင်းခေးမြို့နယ်အတွင်း ၅ ဒသမ ၅ ဧက၊ မိုင်းဖြတ်မြို့နယ်အတွင်း ၄၄ ဧက၊ လားရှိုးမြို့နယ်အတွင်း ၂၂၃ ဧက၊ နမ့်ခမ်းမြို့နယ်အတွင်း ၁၉ ဒသမ ၅ ဧက၊ ကွတ်ခိုင်မြို့နယ်အတွင်း ၂၆ ဒသမ ၅ ဧက၊ မန်တုံမြို့နယ်အတွင်း ၅၆ ဒသမ ၄ ဧက၊ တန့်ယန်းမြို့နယ်အတွင်း ၁၀၈ ဒသမ ၇ ဧကနှင့် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း ၁ ဒသမ ၂၅ ဧက စုစုပေါင်း ၁၄၇၀ ဒသမ ၃၅ ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သည်။

၂၀၁၁-၂၀၁၂ ဘိန်းစိုက်ရာသီ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်အထိ ဘိန်းခင်းစုစုပေါင်း ဧက ၅၅၄၂၉ ဒသမ ၉၆ ဧက၊ ၂၂၄၃၂ ဒသမ ဝ၉ ဟက်တာ ဖျက်ဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးကို သုံးစွဲမိပါက လူကြီး လူငယ် မရွေးဘဝတစ်လျှောက်လုံး လူညွှန့်တုံးစေနိုင်သည်။ သို့ဖြစ်ရာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုချုပ်ငြိမ်းပပျောက်ရေးလုပ်ငန်းတွင် နိုင်ငံတော်နှင့်အတူ ပြည်ထောင်စုတိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ခြင်းဖြင့် အမျိုးသားရေးတာဝန်ကို ကျေပွန်ကြရန် လိုအပ်ပါကြောင်း။ **(ဥမ္မာသန့်-သတင်းစဉ်)**

ဖေဖော်ဝါရီ ၄ ရက်က ဇဟန်းမြို့နယ် အမှတ်(၂၄)အခြေခံပညာမူလတန်းကျောင်း ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲတွင် ဘက်စုံထူးချွန်ပထမဆု၊ မြန်မာစာနှင့် လူမှုရေးဘာသာရပ်ထူးချွန်ဆုရရှိသော တတိယတန်းမှ မောင်မင်းသိမ်းဝင်းအား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ်ပေါင်းစုံ ကာယအလှမယ်ပြိုင်ပွဲ အင်းစိန်မြို့နယ်၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် အားကစားနှင့်ကာယပညာကော်မတီနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူးကျင်းပသည့် မြို့နယ်ပေါင်းစုံကာယအလှမယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် ည ၇ နာရီက အင်းစိန်မြို့နယ် ပင်မတောင်ခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိမ်းစိမ်းစိုးနှင့် ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ကတ္တရာလမ်းသစ်ဖွင့်ပွဲ ဝါးခယ်မမြို့၌ ကျင်းပ

ဝါးခယ်မ ဖေဖော်ဝါရီ ၂၁

ဝါးခယ်မမြို့ စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် ကမ်းနားလမ်း(ရွာလယ်ရပ်ကွက်) ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါ ကတ္တရာလမ်းသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** အဆိုပါ ကတ္တရာလမ်းသစ်မှာ အလျားပေ ၁၀၀၀၊ အကျယ် ၁၈ ပေရှိပြီး စုစုပေါင်း ကုန်ကျငွေကျပ် ၁၁၁ သိန်းဖြစ်ကြောင်း သိရှိရသည်။ **(၁၃၉)**

အသက်ကိုရင်း၍ စီးပွားရှာ ဟိုက်စပိနဲ့ ကားဆရာ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဖေဖော်ဝါရီ ၁၉ ရက် ညဦးပိုင်းက မစိုးစိုးနှင့် မသဇင်တို့ ညီအစ်မနှစ်ဦး ရန်ကုန်မြို့ ကမ္ဘာအေးဂမုန်းပွင့်ကုန်တိုက်ကနေ တာမွေက နေအိမ်ကို ပြန်ဖို့အတွက် တက္ကစီကားတစ်စီးကို ငှားစီးခဲ့ပါတယ်။ ကားဆရာကြီးကလည်း အချိန်မလင့်ခင် နောက်တစ်ကြောင်းရှာဖို့အကြောင်းကလည်း ရှိသေးတာကြောင့် အရှိန်ကိုမြှင့်လို့ ကမ္ဘာအေးဘုရားလမ်းမကြီးတစ်လျှောက် အပြင်းမောင်းနှင်ခဲ့ပါတယ်။

အခုတော့ သူတို့တစ်တွေ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီးရဲ့ နေရာအသီးသီးကို ရောက်ရှိနေကြပါပြီ။ အလျင်လိုတဲ့ကားသမားကို အရှိန်လျှော့မောင်းနှင်ပေးဖို့အတွက် သူမတို့နှစ်ယောက်က ကားပေါ်မှာ သတိပေးနေဆဲ အချိန်မှာပဲ အရှိန်မထိန်းနိုင်ဘဲ ရှေ့ကကားကိုအရှောင် ကမ္ဘာအေးဘုရားလမ်းပေါ်က ၁၀၆ ကားမှတ်တိုင်အနီးမှာ ဘေးကိုထိုးကျလို့ တိမ်းမှောက်မှုဖြစ်ခဲ့ရတဲ့ အကြောင်းကို မသဇင်က ပြောပြပါတယ်။ အဆိုပါတိမ်းမှောက်မှုကြောင့် တက္ကစီယာဉ်မောင်း နေရာတွင်ပင် သေဆုံးခဲ့ပြီး စီးနင်းလိုက်ပါခဲ့သူ မသဇင်က ထိခိုက်ပွန်းပဲ့ဒဏ်ရာများရရှိခဲ့ကာ မစိုးစိုးကတော့ လက်နှင့်ခြေထောက် ထိခိုက် ဒဏ်ရာရရှိခဲ့လို့ ခွဲစိတ်ခန်းဝင်ခဲ့ရပါတယ်။ ကံကောင်းလို့ သေကံမရောက်ခဲ့ပေမယ့် ထိခိုက်ဒဏ်ရာများကြောင့် ဆက်လက်ဆေးကုသမှုကို မစိုးစိုး ခံယူရဦးမှာပါ။ အုံနာခပြည့်ပြည့်ဝဝရရှိရေး၊ မိသားစုအတွက် လိုအပ်တဲ့စားဝတ်နေရေးကို ဖြည့်တင်းနိုင်ရေးအတွက် မိမိရဲ့အသက်ကို မငဲ့ကွက်၊ ခရီးသည်တွေရဲ့ အသက်ကို မငဲ့ကွက်ခဲ့တဲ့ ကားမောင်းသမားခများမှာတော့ သူ့ရဲ့ High Speed နဲ့ သူ့ကိုယ်သူ အဆုံးစီရင်သွားရရှာပြီဖြစ်တဲ့အကြောင်း သံဝေဂရရှိဖွယ်ရာ တင်ပြလိုက်ရပါတယ်။

(ခင်လေးမြင့်အောင်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ပလက်ဖောင်းပေါ်မှအကြော်ဆိုင် ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၈)ရပ်ကွက် လမ်း၄၀ (အလယ်ဘလောက်)နှင့် မဟာဗန္ဓုလလမ်းထောင့် ညောင်ပင်ကြီးအောက် ပလက်ဖောင်းပေါ်ရှိ အကြော်ဆိုင်တစ်ဆိုင်မှ ကြော်လှော်နံ့များကြောင့် ကျန်းမာရေးထိခိုက်ရသည့်အပြင် မီးဘေးစိုးရိမ်ရပါသဖြင့် အဆိုပါအကြော်ဆိုင်ကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သားများ**

ခရီးသည်များအဆင်ပြေရေး ယာဉ်လိုင်းကိုကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ထန်းတပင်မြို့နယ်အတွင်း ပြေးဆွဲနေသည့် မော်တော်ယာဉ်လိုင်းသုံးလိုင်းမှာ နံနက် ညနေ စက်ရုံ(ကြို-ပို့)များကိုသာ ဦးစားပေးပြေးဆွဲနေကြသည့်အတွက် ခရီးသည်လုပ်သားပြည်သူများ လိုင်းကားမရှိ၍ စုပုံဒုက္ခရောက်နေရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။ **ခရီးသည်များ**

ကျူးကျော်အဆောက်အအုံကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းရှင့်-

အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် ရွှေဝါ ၁ လမ်း(ဘုရင့်နောင်လမ်းမထောင့်)ရှိ မိလ္လာလမ်း နောက်ဖေးလမ်းကြားပေါ်တွင် ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အအုံပေါ်၌ ညအိပ်ညနေ လူနေထိုင်လျက်ရှိရာ မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် အဆိုပါကျူးကျော်အဆောက်အအုံကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်နေပြည်သူများ**

ကျူးကျော်အိမ်များ ဖယ်ရှားပေးစေချင်

စာတည်းရှင့်-

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြေတိုင်းရပ်ကွက်(၂၂) ကွေ့မကျေးရွာ စွယ်တော်ပတ်လမ်း အပိုင်း(၁)အတွင်းရှိ ကျူးကျော်အိမ်များကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မြေတိုင်းရပ်ကွက်သူ

(၂၃၀)ကေဗွီ လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်းနှင့် အလုံပင်မဓာတ်အားခွဲရုံဖွင့်

စက်မှုလုပ်ငန်းများနှင့် ရန်ကုန်မြို့ပတ်ဝန်းကျင် ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၂၃၀ ကေဗွီ လှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်းနှင့် ၂၃၀/၆၆/၁၁ ကေဗွီ ၂၀၀ အမ်ဗွီအေ အလုံပင်မဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အလုံပင်မဓာတ်အားခွဲရုံဝင်းအတွင်း၌ ကျင်းပရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်၍ ဖွင့်လှစ်ပေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက တိုးတက်လာသော ရန်ကုန်မြို့၏ လူဦးရေနှင့် နေထိုင်မှုအဆင့်အတန်း၊ ဖွံ့ဖြိုးတိုးတက်လာသော စက်မှုလုပ်ငန်းများနှင့် ရန်ကုန်မြို့ပတ်ဝန်းကျင်ဒေသများအတွက် ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းရန် အလုံဓာတ်အားခွဲရုံကို ၆၆ ကေဗွီ အဆင့်မှ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံသို့ တိုးချဲ့တည်ဆောက်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းတွင် လှိုင်မြစ်ကျော် မဟာဓာတ်အားလိုင်း တည်ဆောက်ခြင်း၊ လှိုင်သာယာ-အလုံ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း ၁၀ မိုင် ၂၀၀ အမ်ဗွီအေ အလုံပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ ၂၅ အမ်ဗွီအေအာရ် ကက်ပက်စတာဘင့်ခ်နှစ်စုံ တပ်ဆင်ခြင်းများ ပါဝင်ကြောင်း၊ တည်ဆောက်စရိတ် စုစုပေါင်း နိုင်ငံခြားငွေ ယူရို ၅ ဒသမ ၀၅ သန်းနှင့် ပြည်တွင်း ငွေကျပ် ၉ ဒသမ ၃ ဘီလီယံ ကုန်ကျခဲ့ကြောင်း၊ ထူးခြားချက်အနေဖြင့် လှိုင်မြစ်ကျော် တာဝါတိုင်သည် အမြင့် ၄၆၂ ဒသမ ၈၂ ပေရှိပြီး တာဝါတိုင်ဓာတ်အားကြိုး အနိမ့်ဆုံးနေရာတွင် ရေအတက်ဆုံးအချိန်၌ ကင်းလွတ်အမြင့် ပုံမှန်ထက် ပေ ၁၇၀ ပိုမြင့်သဖြင့် ပင်လယ်ကူးသင်္ဘောကြီးများ အန္တရာယ်ကင်းစွာ ခုတ်မောင်းနိုင်သကဲ့သို့ တာဝါတိုင် ဒီဇိုင်းကိုလည်း ပြင်းထန်သော လေမုန်တိုင်းဒဏ် တစ်နာရီ မိုင် ၁၅၀ အထိ ခံနိုင်သော ဒီဇိုင်းပြုလုပ်ထားကြောင်း။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ ၂၃၀ ကေဗွီ ၂၀၀ အမ်ဗွီအေ အလုံပင်မဓာတ်အားခွဲရုံ ဆွစ်ယာဒ်ကို ကြည့်ရှုစဉ်။ (အမှတ်၂-လျှပ်စစ်)

၂၃၀ ကေဗွီ အလုံပင်မဓာတ်အားခွဲရုံ မတည်ဆောက်မီက အလုံဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံနှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံတို့မှ ဓာတ်အားကို ၆၆ ကေဗွီ အလုံဓာတ်အားခွဲရုံသို့ ပို့လွှတ်ပြီး ၎င်းဓာတ်အားခွဲရုံမှတစ်ဆင့် ၃၃ ကေဗွီလိုင်းဖြင့် မြို့တွင်းသို့ ဓာတ်အားဖြန့်ဖြူးခဲ့ကြောင်း၊ ယခုအခါတွင် ဓာတ်အားစနစ်မှ ၂၃၀ ကေဗွီဓာတ်အားကို လက်ခံ၍ ရန်ကုန်မြို့တွင်းသို့ ၆၆ ကေဗွီလိုင်းဖြင့် ပိုမိုဖြန့်ဖြူးနိုင်ပြီဖြစ်ကြောင်း၊ စီမံကိန်းကို ၂၀၁၀ ခုနှစ် မေ ၂၂ ရက်တွင် စတင်ခဲ့ပြီး လှိုင်သာယာ-အလုံ ၂၃၀ ကေဗွီ တာဝါတိုင် ၆၂ တိုင် တပ်ဆင်ခြင်း၊ ကြိုးဆွဲခြင်းလုပ်ငန်းများကို ၂၀၁၁ ခုနှစ် ဧပြီ ၄ ရက်တွင်လည်းကောင်း၊ လှိုင်မြစ်ကျော် တာဝါတိုင်လေးတိုင် တပ်ဆင်ခြင်း၊ ကြိုးဆွဲခြင်းလုပ်ငန်းများကို ၂၀၁၁ ခုနှစ် ဇွန် ၁၀ ရက်တွင်လည်းကောင်း ပြီးစီးခဲ့ကြောင်း၊ အလုံပင်မဓာတ်အားခွဲရုံ၏ ထရန်စဖော်မာနှင့် ကက်ပက်စတာဘင့်ခ် တပ်ဆင်ခြင်း၊ ဓာတ်အားထိန်းချုပ်ခန်းနှင့် ဆွစ်ဘောများပါဝင်သော ပင်မဓာတ်အားခွဲရုံ အဆောက်အအုံ *စာမျက်နှာ ၉ ကော်လံ ၁* ●

နိုင်ငံတကာအနုပညာ

မောင်မောင်မြင့်ဆွေ-ရေးသားသည်

(၈၄)ကြိမ်မြောက် အော်စကာဆုအခမ်းအနားဝင် ဒါရိုက်တာ၊ မင်းသား၊ မင်းသမီးများနှင့်အင်တာဗျူး

သရုပ်ဆောင်မင်းသား ဒီမိန်းဘီချာ

သရုပ်ဆောင်မင်းသမီး ရိုးနေမာရာ

ဒါရိုက်တာ ဝုဒ်ဒီအလန်

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၁

(၈၄)ကြိမ်မြောက် ရုပ်ရှင်အော်စကာဆုချီးမြှင့်ပွဲကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့မှာရှိတဲ့ ကိုဒက်ကဇာတ်ရုံမှာ လာမယ့် ဖေဖော်ဝါရီ ၂၆ ရက်မှာ ရွေးချယ်ချီးမြှင့်တော့မှာ ဖြစ်ပါတယ်။

အော်စကာဆုချီးမြှင့်ပွဲကို ၁၉၂၉ ခုနှစ် မေလ ၁၆ ရက်မှာ အမေရိကန်နိုင်ငံ ဟောလိဝုဒ်မှာရှိတဲ့ ရိုစ်ဗက်ဟိုတယ်မှာ ပထမဆုံးကျင်းပခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်က အော်စကာဆုချီးမြှင့်ခဲ့တာဟာ ၁၉၂၇ ခုနှစ်နဲ့ ၁၉၂၈ ခုနှစ်အတွင်းမှာ ပြသခဲ့တဲ့ ရုပ်ရှင်ကားတွေထဲက ရွေးချယ်ပြီး ဆုတွေချီးမြှင့်ခဲ့ခြင်း ဖြစ်ပါတယ်။ အခု (၈၄)ကြိမ်မြောက် ရုပ်ရှင်အော်စကာဆုချီးမြှင့်ပွဲမှာတော့ ၂၀၁၁ ခုနှစ်အတွင်းက ရိုက်ကူးပြသခဲ့တဲ့ ဇာတ်ကားတွေထဲက ရွေးချယ်ပြီး ချီးမြှင့်မှာဖြစ်တာမို့ နောက်ဆုံးဆန်ခါတင်အမည်စာရင်းတွေလည်း ထွက်ပေါ်လာခဲ့ပြီ ဖြစ်ပါတယ်။

စာမျက်နှာ ၅ ကော်လံ ၁ ▲

မြန်မာ့အလင်း သတင်းအညွှန်း

လမျက်နှာပြင်ပေါ်မှ ယူဆောင်ခဲ့သည့် ကျောက်တုံးများ နာဆာ၌ ပျောက်ဆုံးနေ စာ-၄



ဆစ်ဒနီတွင် မုန်တိုင်း တိုက်ခတ်၊ ရေကြီးမှုများဖြစ်ပွား စာ-၄

အသက်ကိုရင်း၍ စီးပွားရှာ ဟိုက်စပီနဲ့ ကားဆရာ စာ-၁၀

ဥရောပအာကာသအေဂျင်စီ၏ အေတီဗွီ-၃ အာကာသယာဉ် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ လွှတ်တင်မည်

➤ မောင်ချစ်ကြည် - ရေးသားသည် ➤

ပါရီ ဖေဖော်ဝါရီ ၂၁

*ဥရောပအာကာသအေဂျင်စီက အာကာသ သယ်ယူပို့ဆောင်ရေးယာဉ် အေတီဗွီ-၃ **(ဝဲပုံ)**ကို လာမည့် မတ်လ ၉ ရက်၌ နိုင်ငံတကာအာကာသယာဉ်စခန်းသို့ လွှတ်တင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၀ ရက်၌ သတင်းထုတ်ပြန်သည်။*

၎င်းအာကာသယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းအတွက် စားနပ်ရိက္ခာ၊ အောက်ဆီဂျင်ဘူးများနှင့် သောက်သုံးရေများကို သယ်ဆောင်သွားမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာ အာကာသယာဉ်စခန်းတွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဘယ်လ်ဂျီယံ သုတေသနပညာရှင်အဖွဲ့လည်း လိုက်ပါသွားရန်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၃ ✻

အင်းလေးရေပြင်အတွင်း ရေမှော်ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းကို မှော်ရှင်း(၁) ရေမှော်ဖြတ်စက်ဖြင့် ဆောင်ရွက်နေစဉ်။

အင်းလေးကန် သာယာလှပရေး သဲနုန်းများပေါ်၊ ရေမှော်များဖယ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၂၁

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ - ကိုတင်လှိုင်(မိတ္ထီလာ)

အင်းလေးကန်သည် ကမ္ဘာကျော်ကန်ကြီးဖြစ်ပြီး အာဆီယံအမွေအနှစ် (ASEAN HERITAGE) တစ်ခုလည်းဖြစ်သည်။ ထို့ပြင် ခြေထောက်ဖြင့် လှေလှော်သည့် ရိုးရာယဉ်ကျေးမှုသည် ကမ္ဘာလှည့်ခရီးသည်များကို အထူးစိတ်ဝင်စားစေသည့် အချက်တစ်ရပ်ဖြစ်သည်။ ထိုကမ္ဘာသိ အင်းလေးကန်ကြီးသည် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်တွင် တည်ရှိပြီး ရှမ်းကုန်းပြင်မြင့်၏ ကုန်းတွင်းရေအိုင်ကြီးတစ်ခု ဖြစ်သည်။

အင်းလေးကန် အတွင်းသို့ အရှေ့ဘက်မှစီးဝင်သော ချောင်း ၁၇ ချောင်းမှ ရေဆင်းဧရိယာ စုစုပေါင်း ၁၄၆ စတုရန်းမိုင်၊ အနောက်ဘက်မှ စီးဝင်သော ချောင်း ၁၁ ချောင်းမှ ရေဆင်းဧရိယာ စုစုပေါင်း ၇၄၈ စတုရန်းမိုင်နှင့် မြောက်ဘက်မှစီးဝင်သည့် ချောင်းတစ်ချောင်းမှ ရေဆင်းဧရိယာ ၅၂၈ စတုရန်းမိုင် စုစုပေါင်း ချောင်း ၂၉ ချောင်းမှ ရေဆင်း ဧရိယာစုစုပေါင်း ၁၄၂၂ စတုရန်းမိုင်ရှိပါသည်။ အင်းလေးကန်အတွင်းသို့ အဓိကစီးဝင်သော ချောင်းများမှာ နမ့်လတ်ချောင်း ရေဆင်းဧရိယာ ၅၂၈ စတုရန်းမိုင်၊ ဘီလူးချောင်း (အင်းတိမ်ချောင်း) ရေဆင်းဧရိယာ *စာမျက်နှာ ၅ ကော်လံ ၃* ○